# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ စနေနေ့၊ (15-8-2015) (၈၂၉၃)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ဒေသများသို့ ပေးပို့လှူဒါန်းမည့်ဗုဒ္ဓဆင်းတုတော်များအား ကြည်ညိုပြန်လည်ထူထောင်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ရန် စီမံဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တောင်သူပညာပေး ဇေ ၅၀၀ စံပြစိုက်ခင်းရှိ အဆင့်မြင့်သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံတွင် ပြန်လည်ထူထောင်ရေးဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် ဓမ္မလက်ဆောင်အဖြစ် ပေးပို့လှူဒါန်းမည့် ဗုဒ္ဓဆင်းတုတော်များအား ကြည်ညိုပြီး(အပေါ်ပုံ) ပြန်လည်ထူထောင်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ရန် စီမံဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး စပ်မျိုးစပါးနှင့် ရွှေသွယ်ရင်စပါးများပေးပို့**

စာမျက်နှာ » ၇

**ရေဘေးသင့်စာသင်ကျောင်းများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်**

စာမျက်နှာ » ၉

**ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ**

စာမျက်နှာ » ၁၀




ကြေးမုံ စာတည်း ရှုထောင့် ၁၅-၈-၂၀၁၅၊ စနေနေ့

# မြန်မာများ၏ မွန်မြတ်စိတ်ထား

မြန်မာနိုင်ငံသည် ချမ်းသာသောနိုင်ငံမဟုတ်ပါ။ နိုင်ငံသားများကို ကြည့်မည်ဆိုလျှင် ချမ်းသာကြွယ်ဝသောသူများကို လက်ချိုးရေတွက်နိုင်သလို အလယ်အလတ်အဆင့် လူတန်းစားအလွှာမှာလည်း နိုင်ငံ၏ လူဦးရေနှင့် နှိုင်းစာလျှင် မများလှပါ။ သို့သော်လည်း စေတနာသဒ္ဓါတရားတည်းဟူသော ချမ်းသာမှုတွင် လူအများ၌ ရှိနေသည်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် လူမချမ်းသာသော်လည်း စိတ်ချမ်းသာသော လူမျိုးများဟု ဆိုနိုင်ပါသည်။ ထို့အပြင် မြန်မာလူမျိုးများသည် ပရဟိတစိတ်ထားနှင့် အလှူဒါနပြုမှုများ၌ ကမ္ဘာပေါ်တွင် စံချိန်တင်လောက်အောင်မြင့်မားသည်ဟု ဆိုကြပါသည်။ ထိုသို့ ဆိုနိုင်လောက်အောင်လည်း လက်တွေ့တွင် မြန်မာလူမျိုးတိုင်း ထိုသို့ပြုမူဆောင်ရွက်လေ့ရှိကြပါသည်။

မြန်မာနိုင်ငံတွင် အများနှင့်သက်ဆိုင်သော ရေဘေးဒုက္ခကြုံတွေ့လာရသောအခါတွင် မြန်မာလူမျိုးများ၏ ပရဟိတစိတ်ဓာတ်နှင့် လှူဒါန်းပေးကမ်းကူညီသည့် စိတ်ဓာတ်များကို မြင်တွေ့လာရပါသည်။ လှူဒါန်းပေးကမ်းမှုအရာတွင် လူတန်းစားအားလုံး၏ နှလုံးသားတွင် တစ်တန်းတစ်စားတည်းတည်ရှိနေသည်ကို မြင်တွေ့ရပါသည်။ အလှူခံပုဂ္ဂိုလ်ကို အယုတ်အလတ်အမြတ်မရွေးဟု ဆိုကြသော်လည်း လှူဒါန်းသောပုဂ္ဂိုလ်များမှာ အယုတ်အလတ်အမြတ်မရွေး ဖြစ်လာကြပါသည်။

ချမ်းသာကြွယ်ဝသောသူများအဖို့ အလှူကြီးများပြုနိုင်ကြသလို မချမ်းသာ မကြွယ်ဝသော်လည်း မိမိတို့တတ်နိုင်သလောက် စေတနာထက်သန်စွာဖြင့် ပေးလှူလာကြရာ ညောင်စေ့လောက်လှူလျှင် ညောင်ပင်ကြီးလောက်ရနိုင်သည့် အကျိုးထူးများဖြစ်လာပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများ၏ စေတနာသဒ္ဓါတရားထက်သန်မှုအကျိုးအားကြောင့် မြန်မာနိုင်ငံသားအများစု တစ်နေ့နေ့တစ်ချိန်ချိန်တွင် ချမ်းသာကြွယ်ဝလာကြပြီး မြန်မာနိုင်ငံကြီးသည်လည်း ချမ်းသာသောနိုင်ငံဖြစ်လာမည်မှာ အမှန်ဖြစ်ပါသည်။

ထိုသို့ချမ်းသာအောင်လည်း ကံဟူသောအလုပ်ဖြင့် သက်သေပြကြရသည်။ တစ်ဖက်တွင် စေတနာသဒ္ဓါတရားများဖြင့် ကောင်းသောအကြောင်းများကို ပြုကြသလို အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံကြီးတိုးတက်အောင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းအောင် အားထုတ်လျက်ရှိရာ အနာဂတ်တွင် မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ ချမ်းသာကြွယ်ဝလာမည်မှာ အမှန်ဖြစ်သည်။

ကံအကြောင်းတရားကို ယုံကြည်ကြသော မြန်မာနိုင်ငံသားများအဖို့ ကောင်းသောကံဖြစ်အောင် ယခုသဘာဝဘေးသင့်သော အချိန်ကာလတွင် နိုင်ငံသားများအားလုံး ထားရှိသောစေတနာများအတိုင်း ခိုင်မြဲအောင် မွေးမြူသွားကြရမည်ဖြစ်သည်။ မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို ရှောင်ရှားပြီး ကောင်းသော ကံသုံးပါးကို ဆက်လက်စောင့်ထိန်းကြရမည်။

ကံမကောင်းအကြောင်းမလှသဖြင့် ဘေးဒုက္ခများကို ကြုံတွေ့ရသော်လည်း ကံကောင်းအကြောင်းလှအောင် စေတနာသဒ္ဓါတရားထက်သန်သည့် ပြည်သူများ၏ နှလုံးသားများအတိုင်း ဘေးဒုက္ခကြုံတွေ့သူများကလည်း မိမိတို့အနာဂတ် ပြန်လည်တည့်မတ်ချိန်တွင် သဒ္ဓါ၊ ဝီရိယ၊ ပညာတို့ဖြင့် မိမိတို့ဘဝကို မူလအခြေအနေထက်သာလွန်အောင် ကြိုးပမ်းအားထုတ်ကြဖို့ လိုပေမည်။

မြန်မာနိုင်ငံသားများ၏ စေတနာသဒ္ဓါတရားနှင့် ဝီရိယထက်သန်မှုမှာ ထူးကဲပါသည်။ အရေးကြုံလျှင် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်တတ်မှုမှာလည်း ကောင်းမွန်ပါသည်။ မတိုက်တွန်း၊ မနှိုးဆော်ရဘဲ မိမိတို့အသိစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ ဆောင်ရွက်တတ်မှုမှာလည်း အားတက်ဖွယ်ဖြစ်သည်။ နိုင်ငံနှင့်တစ်ဝန်း အရေးကိစ္စရှိလာလျှင် ပြင်းပြထက်သန်သော စိတ်ထားများဖြင့် ဝိုင်းဝန်းဆောင်ရွက်တတ်သည်မှာ မြန်မာတို့၏ ရှိရင်းစွဲအမျိုးသားရေး စိတ်ဓာတ်ပင်ဖြစ်ပါသည်။

မြန်မာတို့၏ အဆိုဖြစ်သည့် လူမချမ်းသာသော်လည်း စိတ်ချမ်းသာသည့် ဓလေ့စရိုက်များမှာ ချစ်မြတ်နိုးဖွယ်ကောင်းလှပါသည်။ မြန်မာတို့၏ သဒ္ဓါတရားများနှင့် မွန်မြတ်သည့် စိတ်ထားများမှာ စံထားလောက်ဖွယ်ဖြစ်ပါသည်။ ထိုသို့သောစိတ်ထားများကို မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတိုင်းတွင် ထာဝရကိန်းအောင်းနေစေရန် ဆန္ဒပြုပါသည်။



## ပျိုရွယ်သူ ကျန်းမာရေးအသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပျိုရွယ်သူ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းက အမှတ် ၆ (အထက- နေပြည်တော်)တွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်လှလှကြည်က အသက်အရွယ် အပိုင်းအခြားအလိုက် ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲပုံနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဝင်းနိုင်က စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုအကြောင်းအရာများကို လည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၂၂၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၄**

**စက်သုံးဆီဈေးနှုန်း**


| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | ၇၄၅၅၀၀ - ၇၄၆၅၀၀ |
| **မန္တလေး ရွှေဈေး** | ၇၄၅၅၀၀ - ၇၄၆၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၅၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၀၁. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၆. ၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၆၉၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၀. ၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၂၆၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၀၉. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆. ၆၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၂၅. ၇၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၈. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** – ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** – ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** – ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** – ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** – ခင်ခင်သက်
**အားကစားစာတည်း** – မေလှဲ့သင်း
**ဆောင်းပါးစာတည်း** – စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** – ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** – သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြာန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** – ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** – စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြန်လည်ထူထောင်ရေးဒေသများရှိ ရေဘေးသင့်အိမ်ထောင်စုများအား လှူဒါန်းမည့် ညာဏ်တော်အမြင့် ၉ လက်မရှိ ဗုဒ္ဓဆင်းတုတော်များအား ကြည်ညိုပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မည့် ပြန်လည်ထူထောင်ရေး အထောက်အကူပြုပစ္စည်းများအား ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဦးအုန်းမြင့်တို့က ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိရေး ဆောင်ရွက်ထားမှု အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယနေ့နံနက်ပိုင်းတွင် တမူးမြို့သို့ ပေးပို့လှူဒါန်းမည့် ဗုဒ္ဓဆင်းတုတော်အဆူ ၇၀၀ နှင့် ကလေးမြို့သို့ ထောက်ပံ့ပေးပို့မည့် လူငါးဦးစာမိသားစုတစ်စုအတွက် ထောက်ပံ့ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီး ၁၀၀ တို့ကို မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြန်လည်ထူထောင်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ရန် စီမံဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။(အပေါ်ပုံ၊ ဝဲပုံနှင့် အောက်ပုံများ) (သတင်းစဉ်)

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၄**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ယင်းသို့ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေ သုံးခေါက်ဖြင့် ဆန်အိတ်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းနှင့် အဝတ်အထည်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် နှစ်ဝက်လေ့လာသုံးသပ်သည့် အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံခြားအကူအညီ အထောက်အပံ့များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကဏ္ဍအဖွဲ့များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd Myanmar Development Cooperation Forum- 3rd MDCF) ၏ နှစ်ဝက် လေ့လာသုံးသပ်သည့် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီမှ Mr. Charis Milligan တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ၂၀၁၅ နေပြည်တော် ကြေညာချက်လုပ်ငန်းအစီအစဉ်ကာလဝက်သုံးသပ်မှု၊ နိုင်ငံခြားအကူအညီ အထောက်အပံ့များ၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်အရ ကိန်းဂဏန်း အချက်အလက်များရရှိမှု၊ သုံးသပ်မှုနှင့် ထုတ်ယူသုံးစွဲပြီးငွေ အခြေအနေတို့ကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာအဖွဲ့များ၏ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ် အဖွဲ့အစည်း (MDRI) မှ ဒေါက်တာဇော်ဦးက စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင် (၂၀၁၂-၂၀၁၅) အကောင်အထည်ဖော်မှု အစီရင်ခံစာမူကြမ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ သိရှိလိုသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ Mr. Toily Kurbanov တို့က နိဂုံးချုပ်စကားပြောကြားကြသည်။

ယခုအစည်းအဝေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား နိုင်ငံခြားအကူအညီ အထောက်အပံ့များအပေါ် အားနည်းချက်၊ အားသာချက်များနှင့် စပ်လျဉ်း၍ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ နှစ်ဝက်လေ့လာသုံးသပ်သည့် အစည်းအဝေးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၏ သဘာဝဘေးဒဏ်သင့်ဒေသများတွင် အရေးပေါ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဗဟာဗျူဟာ စီမံချက်ကို ၂၀၁၄ ခုနှစ် အကုန်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး သဘာဝဘေးသင့် ပြည်သူများကို ထောက်ပံ့ငွေပေးအပ်ခြင်းအပါအဝင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အုပ်စုရှစ်ခုကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ရန် စီမံ ဆောင်ရွက်ထားပါကြောင်း၊ ရေဘေးသင့်ဒေသများအတွက် ရှေးဦးပြန်လည်ထူထောင်ရေး စီမံချက် (မူကြမ်း)အပေါ် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတွင် သဘာဝဘေးဒဏ်သင့် ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဗီဒီယိုစလိုက်ဖြင့် တင်ပြပြီး နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦးက သဘာဝဘေးဒဏ် အလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်ရေးဆွဲထားမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စ ရီနာတား ဒက်စဲလ်လီယန်နှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ ရေဘေးသင့်ဒေသများအတွက် ရှေးဦးပြန်လည်ထူထောင်ရေးစီမံချက် (မူကြမ်း)နှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက် ထိရောက်သည့် အကြံဉာဏ်၊ အတွေ့အကြုံ၊ အသိပညာများ မျှဝေဆွေးနွေးမှုသည် များစွာအကျိုးရှိပါကြောင်း၊ ထောက်ပံ့ကူညီကြသည့် အလှူရှင်များ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက် နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# Seminar on Nutrition and Dietetics ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့ဝင် သမားတော်များ၊ ထိုင်းနိုင်ငံ Mahidol University Institute of Nutrition၊ Asian Dietetics Association၊ Thai Dietetics Association တို့နှင့် STI Myanmar University (STIMU) တို့ ပူးပေါင်း၍ အာဟာရနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ် Grand Ballroom(2) တွင် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဆေးပညာသမားတော်ကြီးများဖြစ်သည့် ပါမောက္ခ ဒေါက်တာ ဦးချစ်စိုးက Nutrition – Bench to Beside ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာ ဦးမိုးနိုင်က Nutritional Assessment in New Yangon General Hospital ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Institute of Nutrition Mahidol University Thailand မှ Assistant Professor Dr. Chanida Pachotikarn က Role of Dietitians in Health Promotion & Desease Control ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း သိရသည်။

အာဟာရနှင့်ပတ်သက်သည့် ပြဿနာများမှာ တစ်ကမ္ဘာလုံးတွင် ကြုံတွေ့နေရဆဲဖြစ်သည်။ အာဟာရဆိုင်ရာကိစ္စရပ်များအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အာဟာရကျွမ်းကျင်ပညာရှင်များက စနစ်တကျ တွက်ချက်ပြီး လိုအပ်သော အာဟာရကို စားသုံးနိုင်ရန် အကြံပေးကြသည်။ မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ကုသရေးတို့ ပိုမိုထိရောက်နိုင်ရန်အတွက် အာဟာရနှင့် အစားအစာပညာရှင်များ ပေါ်ထွန်းလာရန် လိုအပ်လျက်ရှိသဖြင့် ကမ္ဘာ့အဆင့်မီ အာဟာရပညာရှင်များ မွေးထုတ်လေ့ကျင့်ပေးရန် ရည်ရွယ်လျက် သင်တန်းများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၄-၈-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ် လျှောက်လေးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့်တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့်သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ရှစ်ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၅ ဦးတို့အားလည်းကောင်း၊ ဂျာနယ်အမည်ပြောင်းတစ်ဦး၊ ဂျာနယ်လိပ်စာပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့်(၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၁ ဦးနှင့်အသစ်လျှောက်ထားသူ ၂၂၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၈၈ ဦးနှင့်အသစ်လျှောက်ထားသူ ၅၂၂ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၇ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၇၈၂ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများပို့ဆောင်



**နေပြည်တော် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် စေတနာရှင်ပြည်သူများ လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို နေပြည်တော် (ပျဉ်းမနား) ဘူတာမှ ရထားတွဲများဖြင့် ပဲခူးဘူတာကြီးသို့ ပို့ဆောင်ပေးမှုကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လာရောက်ကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများမှာ ဆန် ၂၄ ပြည်အိတ် ၄၇၂ အိတ်၊ ဆန် ၁၂ ပြည်အိတ် ၁၀၀၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်အပါအဝင် စုစုပေါင်းတန် ၄၀ ခန့်ကို ရထားတွဲသုံးတွဲဖြင့် နေပြည်တော်မှ ပဲခူးဘူတာသို့ ဩဂုတ် ၁၃ ရက်တွင် ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဆန်အိတ်ကြီး ၃၂၄ အိတ်၊ ဆန်အိတ်သေး ၃၃၁ အိတ်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် စုစုပေါင်း ၃၂ တန်ခန့်အား ဒုတိယဝန်ကြီး ဦးမြင့်သိန်း၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့မီးရထား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး (စက်ဆန်း)ဘူတာမှ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့သို့ ဩဂုတ် ၁၃ ရက်တွင် ကုန်းလမ်းပို့ဆောင်ရေးပိုင် မော်တော်ယာဉ် ငါးစီးဖြင့် ပို့ဆောင်ပေးပို့နိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**မလှိုင် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ စေတနာရှင်ပြည်သူများက ဩဂုတ် ၁၂ ရက်က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငမြာကြီးကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနေ့က ပန်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ပန်းအိုင်၊ ထနောင်းကျင်း၊ ကူကြီး၊ ကံဦး၊ မြစ်ကျင်း ကျေးရွာငါးရွာမှ လှူဒါန်းသည့်၊ ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက်(မားမား)၊ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ ရွှေဝါဆပ်ပြာခဲ၊ လက်ဖက်ခြောက်၊ လက်ဖက်စပ်ချဉ်၊ ဆား၊ တိုင်းရင်းဆေးဝါး၊ ဇွန်း၊ ပန်းကန်စုံ၊ ဖိနပ်၊ စောင်၊ ခြင်ထောင်နှင့် အဝတ်အထည်မျိုးစုံ စုစုပေါင်း ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ငမြာကြီးကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုမန၏ ဦးဆောင်မှုဖြင့် ရေဘေးသင့်အိမ်ခြေ ၁၈၆ အိမ်မှ လူဦးရေ ၈၀၀ အတွက် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ပန်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ စေတနာရှင် ပြည်သူစုပေါင်းလှူဒါန်းခဲ့သော ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာဘုန်းကြီးကျောင်းများမှ ဆရာတော်များနှင့် ကျေးရွာအကျိုးတော်ဆောင် ဦးဝင်းဦး၊ ဦးမင်းလွင်၊ ဦးမြသီးနှင့် အဖွဲ့က ဦးဆောင်ပြီး သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်တန်း မန္တလေးမြို့သို့ ရောက်ရှိ

**မန္တလေး ဩဂုတ် ၁၄**

မြန်မာနိုင်ငံတစ်ဝန်း ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါဒေသများရှိ ရေဘေးသင့် ပြည်သူများအတွက် ပြင်တွင်းပြည်ပ အလှူရှင်များက ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ ဒုတိယအကြိမ်မြောက် ထောက်ပံ့လှူဒါန်းမည့် ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ် ၃၃ စီးပါသည့် ယာဉ်တန်းသည် မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တိုင်းဒေသကြီး လမ်းဦးစီးဌာန ဧည့်ရိပ်သာ၌ ကျင်းပရာ ယူနန်ပြည်နယ်အစိုးရနိုင်ငံခြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ms. Wu Weidong နှင့် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန် ချုပ် Mr. Wang Yu တို့က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်ပြီး ယူနန်ပြည်နယ်အစိုးရ နိုင်ငံခြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ms. Wu Weidong နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်တို့က ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းလွှာတွင် လက်မှတ်ရေးထိုးကြသည်။

ရေဘေးသင့် ပြည်သူများအား ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်မည့် ယာဉ်တန်းဖြင့် ဆန်တန်ချိန် ၅၀၊ အရန်သင့်လူနေအိမ် (Modular House) အခန်း ငါးခန်း၊ အကျယ် ၁၃၀ စတုရန်းမီတာရှိ အလုံး ၃၀၊ သောက်ရေသန့်ကတ် ၁၀၀၀၀၊ ဆိုလာမီးအိမ် ၈၈၈ လုံး၊ တီရှပ်အင်္ကျီမျိုးစုံ ၂၀၀၀၊ အရေးပေါ်အသက်ကယ်သေတ္တာ အလုံး ၁၀၀၀ ဖြစ်ကြောင်း သိရသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက မြန်မာနိုင်ငံ ရေဘေးသင့် ပြည်သူများအတွက် ဩဂုတ် ၇ ရက်တွင် ပထမအကြိမ်အဖြစ် ကားကြီး ၁၄ စီးဖြင့် ဆန်တန်ချိန် ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀၀၀၊ မိုးကာတဲ ၁၀၀၀၊ နို့မှုန့်ဖာ ၅၀၀ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်နှင့်ဒုတိယအကြိမ် ထောက်ပံ့လှူဒါန်းမှု စုစုပေါင်းတန်ဖိုး ယွမ်ငါးသန်းရှိကြောင်း သိရသည်။

**(ထွန်းထွန်းနိုင်- ကျောက်ဆည်)**

## တစ်ရွာလုံးနီးပါး ရေထဲမျောပါပျက်စီးသွားသော ကလေးမြို့ ကျောက္ကာကျေးရွာသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၄**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အခြေစိုက်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အကြီးတန်းအထွေထွေမန်နေဂျာ ဦးစိုးတင်မောင်ဇော်နှင့်ဦးသီဟထွန်း ဦးဆောင်သောအဖွဲ့သည် ကမ္ဘောဇဘဏ် လီမိတက် ကလေးမြို့ဘဏ်ခွဲမှ အရာထမ်း၊ ဝန်ထမ်းများနှင့် ကလေးလွင်ပြင်ရေဘေးကယ်ဆယ်ရေးအဖွဲ့တို့နှင့်အတူ ရေဘေးဒဏ်အဆိုးရွားဆုံးခံစားခဲ့ရပြီး တစ်ရွာလုံးနီးပါး ရေထဲမျောပါပျက်စီးသွားသော ကလေးမြို့နယ် ကျောက္ကာကျေးရွာသို့ သွားရောက်၍ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအပါအဝင် အိုးအိမ်မဲ့အိမ်ထောင်စု ၁၆၉ စုတို့အား အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် တစ်သိန်း၊ ဆန်တစ်အိတ်၊ ပဲဆီတစ်ပိဿာ၊ မိုးကာရေဖျင်တစ်ကိုက်၊ ၄၅ လီတာဆန့် ရေပုံးတစ်ပုံးနှင့်ဒေသအတွင်း အသုံးပြုနိုင်ရန် အိမ်သာကမုတ် အခု ၄၀၊ ပေါက်ပြား အလက် ၂၀၊ ဂေါ်ပြား အခု ၂၀ နှင့် လွှ ၁၀ ချောင်း တို့ကို ရေဘေးသင့်ပြည်သူများ လက်ဝယ်ရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။



**(ကြေးမုံ)**

# ရေလမ်းကြောင်းအကောက်စခန်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၄**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ချောင်းရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေအပိုဒ် (၈၉)ပါ ပြဋ္ဌာန်းချက်အရ ချင်းတွင်းမြစ်ရေလမ်းကြောင်းတွင် သွားလာနေသည့်ရေယာဉ်များအား ရေလမ်းကြောင်းဖြတ်သန်းခများကို ကောက်ခံသွားရန် မုံရွာမြို့(ချင်းတွင်းမြစ်) ရေလမ်းအကောက်စခန်းကို မုံရွာမြို့၏ အထက်ဘက် ၁၁ မိုင်ခန့် အကွာ ယင်းမာပင်မြို့နယ် ကျောက်မှော်ရွာဆိပ်ကမ်း (ချင်းတွင်းမြစ်အနောက်ဘက်ကမ်း)တွင် ဩဂုတ် ၁၈ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရေလမ်းကြောင်း အသုံးပြုသွားလာနေကြသော ရေယာဉ်များသည် အကောက်စခန်းများတွင် ရေလမ်းကြောင်းအသုံးပြုခများကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခွန်အခနှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ကြရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးစီးဌာနတွင်လည်းကောင်း၊ ဦးစီးဌာန၏ Website (www.dwir.gov.mm) တွင်လည်းကောင်း စုံစမ်းကြည့်ရှုနိုင်ပါကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသိပေးထားသည်။

**(ကြေးမုံ)**

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ရေဘေးသင့်တိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်

**နေပြည်တော်　ဩဂုတ်　၁၄**

ဇွန်နှင့်ဇူလိုင်လတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေဘေးသင့်ကျေးရွာများရှိ ကျွဲ၊ နွား တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ် ကြောင်းတစ်လျှောက်ရှိ ရေကြီးရေလျှံမှုများဖြစ်ပေါ် ခဲ့သော ကျေးရွာများမှ ရေဘေးသင့်တိရစ္ဆာန်များ ရွှေ့ပြောင်းထားရှိမှုများနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ချစ်သူများအဖွဲ့မှ တိရစ္ဆာန်အစာများလာရောက် လှူဒါန်းခဲ့မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးသည်။



ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပဒေသာကျွန်းကျေးရွာ၊ စလင်းမြို့နယ် ညောင်လှပင်ကျေးရွာ၊ ကျူတောကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ကုန်းသောင်ကျေးရွာများနှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျအိုကျွန်းကျေးရွာမှ ရေဘေးသင့် တိရစ္ဆာန်များ၏အခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ထောက်ပံ့ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပုဂံဒေသ၌ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဖွားစော(အရှေ့)၊ ဖွားစော(အနောက်)၊ ဖျောက်ဆိပ်ပင်၊ ကုန်းတန်းကြီး၊ သူဌေးကန်ကျေးရွာများမှ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ရေကြီးရေလျှံမှုများကြောင့် ကျွဲ၊ နွား ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် ကျွဲ၊ နွားတိရစ္ဆာန်ပြန်လည်ထူထောင်ရေး၊ တိရစ္ဆာန်ကူးစက်ရောဂါများ မဖြစ်ပွားစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကျေးရွာလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး ဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ တိရစ္ဆာန်ကျန်းမာရေးပြဿနာများ၊ တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ရောဂါများကြောင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများကြောင့် မကွေးတိုင်းဒေသကြီးအတွင်း နွား ၁၂၉ ကောင်၊ သိုးနှင့် ဆိတ် ၂၁၅ ကောင်၊ မန္တလေးတိုင်းဒေသကြီးအတွင်း နွား ၃၁ ကောင် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးအတွင်း ကျွဲ၊ နွား ၃၄၃၃၁ ကောင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျွဲ၊ နွား ၂၀၆၉ ကောင်တို့အား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ပျက်စီးဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် မွေးမြူရေးဘဏ်စနစ် (စာရင်းမှတ်စနစ်)ဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ပြီး တိရစ္ဆာန်အရင်းအမြစ်တိုးပွားစေရန်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော်　ဩဂုတ်　၁၄**
**ယနေ့နံနက် ၉ နာရီခွဲအချိန်**
**မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြောက်ဦးမြို့တွင် ၅ ဒသမ ၆၇ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၀၆လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မောင် တောမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ဖျာပုံမြို့နှင့် ညောင်တုန်းမြို့တို့တွင် ၂ ဒသမ ၉၀ လက်မစီ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၆၃ လက်မနှင့် သံတောင်ကြီးမြို့တွင် ၂ ဒသမ ၅၂ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

## ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပအလှူရှင်များက လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ ပြည်သူလူထုနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များက အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိရာ ပြည်သူများက ယနေ့လှူဒါန်းမှုတွင် အဝတ်အထည် ၃၂ အိတ်၊ ခေါက်ဆွဲ ၁၅ ဖာ၊ အချိုရည် ၁၀ ဖာ၊ ဗလာစာအုပ် တစ်ဖာ၊ မုန့်ကြွပ် တစ်ဖာ၊ စောင်တစ်ထုပ်၊ ဖာတ်ဆား နှစ်ဖာ၊ ငါးသေတ္တာ သုံးဖာ၊ ရေသန့် ၃၂ ကတ်၊ ပန်းကန်+စောင် တစ်ထုပ်နှင့် ဆန်အိတ် ၁၀၅၀ တို့ ပါဝင်ကြောင်း သိရသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ယနေ့လှူဒါန်းမှုတွင် ဆန်တန်ချိန် ၅၀၊ အရန်သင့်လူနေအိမ် (Modular House) အခန်း ငါးခန်းပါ အကျယ် ၁၃၀ စတုရန်းမီတာရှိ အလုံး ၃၀၊ သောက်ရေသန့်ကတ် ၁၀၀၀၀၊ ဆိုလာမီးအိမ် ၈၈၈ လုံး၊ T-Shirt အင်္ကျီမျိုးစုံအထည် ၂၀၀၀ နှင့် အရေးပေါ်အသက်ကယ်သေတ္တာ အလုံး ၁၀၀၀ တို့ ပါဝင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သည့်စာရင်းများအရ သိရသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Toda Corporation ရုံးခန်း၌ ကျင်းပသည်။

ရန်ကုန်မြို့တော်ရေပေးရေး ဆောလျင်စွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ကမ္ဘာအေးဘုရားလမ်း ရေကူးရေတွန်းစက်ရုံနှင့် ကုက္ကိုင်းရေလှောင်ကန်တို့အကြားရှိ နှစ် ၁၀၀ ခန့်အသုံးပြုခဲ့သော ၄၂ လက်မ ရေပို့ပိုက်အဟောင်းအချို့ကို အစားထိုးလဲလှယ်နိုင်ရန် ဂျပန်အစိုးရထောက်ပံ့ကူညီငွေ ဂျပန်ယန်းသန်း ၁၉၀၀ သုံးစွဲပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် JICA အဖွဲ့မှ ဂျပန်နိုင်ငံတွင် တင်ဒါခေါ်ယူပြီး တင်ဒါအောင်မြင်သော ဂျပန် Toda ကော်ပိုရေးရှင်းမှ ဂျပန်အင်ဂျင်နီယာများဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်ရှိ နှစ် ၁၀၀ ခန့်အသုံးပြုခဲ့သော ၄၂ လက်မ ပင်မရေပို့ပိုက်လိုင်းအဟောင်း အချို့ကို ဂျပန် DI ပိုက်အသစ်အစားထိုးလဲလှယ်ခြင်းနှင့်ပတ်သက်၍ မြို့တော်စည်ပင်အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဦးမျိုးသိမ်းက "ကမ္ဘာအေးဘုရားလမ်းမှာရှိတဲ့ ပိုက်အဟောင်းတွေဟာ ကုက္ကိုင်းရေလှောင်ကန်နဲ့ ရေကူးရေတွန်းစက်ရုံတို့ကို ဆက်သွယ်ထားတဲ့ ၄၂လက်မပိုက်တွေဖြစ်ပါတယ်။ အဲဒီပိုက်တွေဟာ နှစ် ၁၀၀ နီးပါးတော့ ရှိပါတယ်။ ရေကူးရေတွန်းစက်ရုံမှ ကုက္ကိုင်းရေလှောင်ကန်အထိ အားလုံးလဲမှာမဟုတ်ပါဘူး။ ပေအရှည် ၅၀၀၀ အတွင်းမှာရှိတဲ့ ကြံ့ခိုင်မှုအားနည်းပြီး မြေရဲ့ရွေ့လျားမှု/မော်တော်ယာဉ်တွေ ဖြတ်သန်းသွားလာမှုတို့ကြောင့် အဲဒီပိုက်တွေဟာ မကြာခဏ ပျက်စီးခြင်းနဲ့ ကြုံတွေ့ရပါတယ်။

"အဲဒီပိုက်တွေချို့ယွင်းတဲ့အချိန်အခါမှာကုက္ကိုင်းရေလှောင်ကန်မှ အဓိကရေဖြန့်ဝေနေတဲ့ လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်များရှိ ပြည်သူတွေဟာ မကြာခဏဆိုသလို ရေပြတ်လပ်မှုနဲ့ကြုံတွေ့ခံစားရတယ်"ဟု ပြုပြင်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းပြသည်။

"ဒီလိုပိုက်လိုင်းလဲတဲ့အချိန်မှာ သမားရိုးကျမြေတူးပြီး ပိုက်ချစနစ်ကို လမ်းဘေးဝဲ၊ ယာ၌သာ ဆောင်ရွက်ပါတယ်။ လမ်းဖြတ်မြေအောက် ပိုက်ချခြင်းကို ဂျပန်အင်ဂျင်နီယာအဖွဲ့က မော်တော်ယာဉ်သွားလာမှုမထိခိုက်စေရေးအတွက် Pipe Jacking စနစ်ကျင့်သုံးပြီး လက်မ ၄၀ ဂျပန် DI ပိုက်များကို ဟိုက်ဒရော လစ်အားကိုယူကာ မြေအောက် ၁၀ ပေအနက်မှ DI ပိုက်တွေ ထိုးသွင်းပြီး လမ်းဖြတ်မြေအောက်ဆက်သွယ်မှုများပြုလုပ်သွားမှာဖြစ်တယ်။ သမားရိုးကျ မြေတူးပြီး ပိုက်ချစနစ်ကို လမ်းဘေးဝဲ၊ ယာ၌ ဆောင်ရွက်ရာမှာ အနက် ခြောက်ပေအထိတူးပြီး ပိုက်များချသွားမှာ ဖြစ်ပါတယ်"ဟု တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ လမ်းဖြတ် Pipe Jacking ပြုလုပ်ခြင်းကို နေရာ သုံးနေရာနှင့် အလျားလိုက်ပိုက် Pipe Jacking ပြုလုပ်ခြင်းကို နေရာ နှစ်နေရာတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်း Toda Corporation ဂျပန်အင်ဂျင်နီယာချုပ်၏ ရှင်းလင်းမှုအရ သိရသည်။

**(စောသိန်းဝင်း)**

## ကြည့်မြင်တိုင်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန်　ဩဂုတ်　၁၄**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၆၀) သီတာလမ်း သီတာရပ်ကွက် သုံးခန်းတွဲ ရှစ်ထပ်တိုက် ရှစ်လွှာခေါင်းရင်းခန်းတွင် နေထိုင်သူ ဦးသန်းထွန်း နေအိမ်တိုက်ခန်း၌ ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းက ခုတင်ဘေးတွင် ထွန်းထားသော ခြင်ဆေးခွေပေါ်သို့ စောင်ပြုတ်ကျရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ဦးစီးဌာနမှ ဌာနချုပ်ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက အုပ်ချုပ်မှုယာဉ်လေးစီး၊ အထောက်အကူပြုယာဉ်ငါးစီး၊ မီးသတ်ယာဉ် ၂၃ စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ မိနစ် ၃၀ အကြာတွင် မီးငြှိမ်းသတ်နိုင်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် တန်ဖိုးကျပ် ၂၅၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး ယင်းတိုက်ခန်းတွင် နေထိုင်သူ ဦးသန်းထွန်းအား ကြည့်မြင်တိုင်မြို့မရဲစခန်းက မီးပေါ့ဆမှုဖြင့် အရေးယူထားကြောင်း သိရသည်။

**ထိန်ဝင်း(ကြည့်မြင်တိုင်)**

❒ **ရန်ကုန်မြို့မှ**

လက်မှတ်ခန့်မှန်းထားများမှာ RBE တွင် ကျပ် ၃၀၀နှင့် ကျန်ရထားများတွင် ခရီးစဉ်ဘူတာအလိုက် ကျပ် ၅၀၊ ကျပ် ၁၀၀၊ ကျပ် ၂၀၀ ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ ပထမတွဲဆိုင်းသစ်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၅ ရက်တွင်လည်းကောင်း၊ ဒုတိယတွဲဆိုင်းသစ်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင်လည်းကောင်း၊ တတိယတွဲဆိုင်းသစ်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ စတုတ္ထတွဲဆိုင်းသစ်ကို ယခုနှစ် ဇန်နဝါရီ ၃ ရက်တွင်လည်းကောင်း၊ ပဉ္စမတွဲဆိုင်းသစ်ကို ဇူလိုင် ၅ ရက်တွင်လည်းကောင်း စတင်ပြေးဆွဲခဲ့ပြီး ယခုတွဲဆိုင်းသစ်များသည် ဆဋ္ဌမမြောက်ပြေးဆွဲပေးခြင်းဖြစ်သည်။ **(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် နေပြည်တော်အလှူခံဌာန၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် သဘာဝဘေးသင့်ဒေသများအား ကူညီထောက်ပံ့ရေးကော်မတီမှ အလှူငွေကျပ် ၅၀၀၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်အလှူငွေစာရင်းအမှတ် (CF-002301)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခြင်းအပါအဝင် မြန်မာအလှူငွေ စုစုပေါင်း ငွေကျပ် ၁၁၁၃၈၁၃၀၀၊ အမေရိကန်ဒေါ်လာ ၄၀၀ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်တို့က လက်ခံရယူကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်တွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ အလှူငွေကျပ် ၆၆၉၅၀၀၀၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးတွင် အလှူငွေကျပ် ၁၅၄၄၀၀၀၀၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးတွင် အလှူငွေကျပ်၂၀၀၀၀၀၀နှင့် အလှူပစ္စည်းမျိုးစုံတို့ကို စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းခဲ့ရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၄ ရက်အထိရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၂၉၂၆၂၁၂၅၂၊ အမေရိကန်ဒေါ်လာ ၅၀၆၆၉၆ ဒသမ ၆၇၊ ထိုင်းဘတ် ၈၉၁၀၀၊ မလေးရှား ရင်းဂစ် ၂၀၀၀ ဖြစ်သည်။ လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကလေးမြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်ဆည်မြောင်းဦးစီးဌာနမှ ရေမြုပ်ခဲ့သော ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များ၊ သဲ၊ နုန်း တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည်ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။**

ချင်းတွင်းသား(ပြန်/ဆက်)

# ရေဘေးသင့်ဒေသများရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း

**မကွေး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၏ စီမံခန့်ခွဲမှုဖြင့် ဒေသတွင်း ရေဘေးသင့်ကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအတွက် ပညာရေးဆိုင်ရာလိုအပ်ချက်တစ်ရပ်ဖြစ်သော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများကို တာဝန်ရှိအဖွဲ့အစည်းများက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စားဝတ်နေရေး၊ ပြန်လည်ထူထောင်ရေး အစရှိသည့် လုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း ပညာရေးဝန်ထမ်းများအနေဖြင့် ပညာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်းနေခြင်းဖြစ်ကာ ဩဂုတ် ၁၃ရက်က ပွင့်ဖြူမြို့နယ်အတွက် လက်ရေးလှလေးကြောင်းမျဉ်းစာအုပ် ဒါဇင် ၄၈၉၀၊ ဗလာစာအုပ်ဒါဇင် ၁၁၄၀၊ ကျောင်းသုံးစာအုပ် မူလတန်းအဆင့် ၆၂၇ စုံ၊ အလယ်တန်းအဆင့် ၈၈၆ စုံ၊ အထက်တန်းအဆင့် ၄၅၆ စုံ ပေးပို့လှူဒါန်းခဲ့ကြောင်း၊ စေတုတ္တရာမြို့နယ်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ် မူလတန်းအဆင့် အစုံ ၅၀၀၊ အလယ်တန်းအဆင့် ၁၀ စုံ ပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

“ခုလက်ရှိပေးပို့လှူဒါန်းထားတဲ့အခြေအနေအရ ဗလာစာအုပ်ဒါဇင်၇၁၄၀၊ လက်ရေးလှ လေးကြောင်းမျဉ်းစာအုပ် ဒါဇင် ၄၈၉၀၊ ဘောပင် ၃၃၃၄ဒါဇင်၊ ခဲတံ၆၆၆၇ဒါဇင် ရှိပါပြီ။ ကျောင်းသုံးပုံနှိပ်စာအုပ် အစုံလိုက်တွေကိုလည်း မူလတန်းအဆင့်အတွက် အစုံ ၆၅၁၀ ၊ အလယ်တန်းအဆင့်အတွက် ၂၃၁၁ စုံ ၊ အထက်တန်းအဆင့်အတွက် ၁၄၀၇ စုံ ပေးပို့လှူဒါန်းပြီးဖြစ်ပါတယ်။ နောက်ထပ်ပေးပို့နိုင်ဖို့အတွက်လည်း ပညာရေးဝန်ထမ်းစုစည်းအင်အားနဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်တွေကို အတန်းတစ်တန်းချင်းအလိုက် အစုံလိုက် ချည်နှောင်ထုပ်ပိုးမှုတွေ လုပ်နေပါတယ်”ဟု ဒေသတွင်းပညာရေးကဏ္ဍ ထောက်ပံ့လှူဒါန်းမှုအခြေအနေအား မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ရှင်းပြသည်။

ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနဘတ်ဂျက်ချထားငွေများဖြင့် နှစ်စဉ်တိုးချဲ့ဆောင်ရွက်နေသကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ပြင်ဆင်မွမ်းမံရန်လိုအပ်နေသော ပညာရေးအဆောက်အအုံများအား နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့် အစီအမံများချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# မြန်အောင်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

**မြန်အောင် ဩဂုတ် ၁၄**

မြန်အောင်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထူးဖောင်ဒေးရှင်းက လယ်ယာသုံး လက်တွန်းထွန်စက် ငါးစီး၊ ဆန်အိတ် ၅၀၀၊ မျိုးစပါးတင်း ၅၀၀၊ အဝတ်အထည်မျိုးစုံ၊ ရေသန့်ဘူးကတ်နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ရွက်ဖျင်တဲများ ပေးအပ်လှူဒါန်းခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လယ်ယာသုံးလက်တွန်းထွန်စက်များ၊ မျိုးစပါးများအပြင် လိုအပ်သည့် စိုက်ပျိုးနည်းပညာများကိုပါ ကျွမ်းကျင်သူများပါဝင်သောအဖွဲ့များဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝင်းဗိုလ်)**

# ကလေးဒေသမှ ရေနစ်မြုပ် လယ်ယာမြေများ၌ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး စပ်မျိုးစပါးနှင့် ရွေသွယ်ရင်စပါးများပေးပို့

**မုံရွာ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသအတွင်း ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုကြောင့် လယ်ယာမြေ ၃၂၉၂၄ ဧက နစ်မြုပ်ပျက်စီးခဲ့ရာ ဧက ၂၅၀၀၀ ပြန်လည်စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

လယ်ယာမြေရေနစ်မြုပ်ခဲ့သည့် တောင်သူတစ်ဦးက “ကျွန်တော်တို့ဒေသမှာ အခုလိုရေကြီးမှုတွေဖြစ်ပြီး လယ်ယာမြေတွေပါ ရေနစ်မြုပ်ပျက်စီးခဲ့ပါတယ်။ စဖြစ်ခါစကဆို ညတိုင်းအိပ်မပျော်ဘူး။ ကျွန်တော်တို့ အိမ်တွေ၊ လယ်တွေ ရေနစ်မြုပ်ကုန်တော့ ဘာဆိုဘာမှ ပြန်မရလိုက်ဘူး။ လယ်သမားမိသားစုတွေ ဘယ်လိုရှေ့ဆက်ရ မယ်ဆိုတာတွေးမိတိုင်း ရင်လေးမိပါ တယ်။ ဒီလို ဒုက္ခတွေ ကြုံတွေ့ခံစားနေရတဲ့အချိန်မှာ နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင်လာရောက်ပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတော့ ဝမ်းသာရပါတယ်။ ဒါ့အပြင် အနယ်နယ်အရပ်ရပ်က စေတနာရှင်တွေ၊ ကုသိုလ်ရှင်တွေက ဆန်နဲ့ စားသောက်ကုန်တွေ ပေးပို့လှူဒါန်းကြတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ရေနစ်မြုပ်လယ်ယာမြေများ မိုးစပါး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးတွေအပြင် လယ်ထွန်စက်တွေနဲ့ပါ ကူညီထွန်ယက်ပေးမယ်ဆိုတော့ ဝမ်းသာလွန်းလို့ မျက်ရည်များပင်ကျမိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ စေတနာရှင်၊ ကုသိုလ်ရှင်တွေကို ရေဘေးသင့်ဒေသမှ ဒေသခံများကိုယ်စား ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

အဆိုပါ လယ်ယာမြေများတွင် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ရွေသွယ်ရင်စပါးမျိုး ၂၀၂၅ တင်း၊ စပ်မျိုးစပါး ၅၃၆၈ ကီလိုနှင့် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန် ထွန်စက်များကို မုံရွာဆိပ်ကမ်းမှ ကလေးဝမြို့အထိ ကုန်တင်ဇက်ရေယာဉ်များဖြင့်ပေးပို့ကာ ထိုမှတစ်ဆင့် ကလေးဒေသအရောက် အမြန်ပေးပို့လျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**



**အင်ပူမြို့နယ်အတွင်းရှိ ကံဦးကျေးရွာနှင့်အေးစေတီကျေးရွာရှိရေဝင်နစ်မြုပ်ခဲ့သည့် ဒေသခံပြည်သူများအတွက် သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် တောင်ငူအမှတ်(၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်မှ ရေသန့်စင်စက်ကြီးများဖြင့် ရောဂါပိုးမွှားများ သန့်စင်ထားသောရေသန့်များအား ကျေးရွာများအရောက် သွားရောက်ဖြန့်ဝေပေးနေသည်ကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။**

မန်းကျော်(ပြန်/ဆက်)

# ဩဂုတ် ၉ ရက်မှစ၍ ကလေးမြို့ဆေးရုံကြီးတွင် အတွင်း၊ အပြင် လူနာများအား လက်ခံကုသပေးလျက်ရှိ

နေပြည်တော်　　ဩဂုတ်　　၁၄

**ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သော မြို့နယ်များတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။**



ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ကလေးမြို့ ကယ်ဆယ်ရေးစခန်း ၁၂ ခုတွင် ဇူလိုင် ၂၉ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်၍လည်းကောင်း၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ရွေ့လျားဆေးခန်း (Mobile Clinic) များဖွင့်၍ ရပ်ကွက်၊ ကျေးရွာများအထိလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) မှလည်း ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေတွင်း ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စများဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါများဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဩဂုတ် ၁၃ ရက်အထိ ကလေးမြို့ ကယ်ဆယ်ရေးစခန်း ၁၂ ခုနှင့် ကလေးမြို့နယ်တွင်းရှိ ထောက်ကြန့်၊ ထိုမာ၊ ဇင်းကလင်း၊ ကြာအင်း၊ ကျောင်းတိုက်၊ချင်းဆိုင်၊ကံဦး၊ ကနန်၊ ဆည်တော်ဦး၊ ချမ်းမြေ့အောင်စည်၊ အောင်မင်္ဂလာ၊ သာစည်၊ နတ်မြောင်း၊ နတ်ချောင်း၊ ချောင်းခွ၊ ကျီကုန်း၊ မော်လိုက်ကလေး၊ အောင်မြင်သာ၊ ကျားမင်း ၊ ဆင်ရွာ၊ ကျောက္ကာ၊ နတ်ကြီးကုန်း၊ အင်းဒင်၊ ပေါက်တော၊ လက်ပံချောင်း၊ ပျဉ်းတောဦး စသည့် ရပ်ကွက်၊ ကျေးရွာပေါင်း ၃၀ ကျော်ရှိ လူနာ ၁၁၄၆၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကာ ရေတွင်း၊ ရေကန်၊ ရေတုံကင်နှင့် ရေထွက်ပင်ရင်း စုစုပေါင်း ၂၃၀၄ တွင်းအား ကလိုရင်းဆေးခတ်ပေးနိုင်ခဲ့ပြီး ကလေးမြို့ဆေးရုံကြီးတွင် လည်း ဩဂုတ် ၉ ရက်မှ စ၍ အတွင်း၊ အပြင်လူနာများအား လက်ခံကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော တံတားများအား ပြန်လည်ပြုပြင်

**ကလေး　ဩဂုတ် ၁၄**

ကလေးဒေသ၌ ဇူလိုင်နောက်ဆုံးပတ်တွင် နှစ်ပေါင်း (၁၀၀)ကျော်အတွင်း အကြီးမားဆုံးသောရေကြီးရေလျှံမှုကြောင့် ကလေး-ဂန့်ဂေါကားလမ်းပေါ်ရှိအမှတ်(၂/၅၂)ကမ္ဘာ့နီတံတား P3 နိမ့်ကျသွားသဖြင့် ပြန်လည်ပြုပြင်ရန် တံတားအထူးအဖွဲ့(၅)မှ SAE နှစ်ဦးနှင့် လုပ်သား ၃၇ ဦး ရောက်ရှိပြီး Pannel ပေ ၁၈၀ တပ်ဆင်ကာ တံတားပေါ် တင်ပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့နီတံတားပြုပြင်ရေးနှင့် ပတ်သက်၍ DE ဦးစိုးမင်းက "ကျွန်တော်တို့ ဒီကမ္ဘာ့နီတံတားကို Double Single ယာယီ ထိုးပါမယ်။ DSE တံတားအထူးအဖွဲ့(၅)မှ ဦးကျော်သူတို့ကို တာဝန်ပေးထားပါတယ်" ဟု ပြောကြားသည်။

ထို့အပြင် အဆိုပါ လမ်းမပေါ်ရှိ ချင်းဆိုင်နှင့် ဇင်းကလင်းကျေးရွာလမ်းမပေါ်တွင်ရှိသည့် ဇင်းကလင်းတံတား တောင်ဘက်ချဉ်းကပ်လမ်း ရေတိုက်စားသွားသည့်နေရာတွင် ယာယီဘေလီတံတား တည်ဆောက်လျက်ရှိရာ ရေတိုက်စားသည့် ရေလမ်းကြောင်းပြောင်းသည့်နေရာများတွင် ယာယီဘေလီတံတားတစ်စင်းနှင့် သစ်သားတံတားများ တည်ဆောက်လျက်ရှိပြီး ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ဆောက်လုပ်ရေးဌာနက အရှိန်အဟုန်ဖြင့် တာဝန်ယူဆောက်လုပ်လျက်ရှိရာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**



# ကလေးမြို့၌ လျှပ်စစ်ဓာတ်အား ပြန်လည် ဖြန့်ဖြူး



**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇူလိုင် ၂၈ ရက်မှစတင်၍ နှစ်(၁၀၀)အတွင်း မကြုံစဖူးထူးကဲစွာ ရေကြီးရေလျှံခဲ့ပြီး ရက်ရှည်ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကလေးမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ထရန်စဖော်မာများ ရေနစ်မြုပ်ခြင်း၊ ဇီးချောင်းရေအားလျှပ်စစ်စက်ရုံ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ကလေးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုယာယီရပ်ဆိုင်းခဲ့သည်။

ကလေးမြို့ကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်း ၆၀ တို့က ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားလိုင်းကြိုးများ အိမ်တွင်းဝါယာကြိုးများ၊ အိမ်သုံးမီတာများ စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရေပြန်ကျချိန်တွင် ကလေးမြို့အတွင်း ရေနစ်မြုပ်ခဲ့သော ဓာတ်အားပေးစက်များ၊ ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံများတွင် တင်ကျန်လျက်ရှိသော ရွှံ့ညွန်များအား ဖယ်ရှားသန့်စင်၍ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ၅၀၀ KVA တစ်လုံး ပြင်ဆင်ပြီးစီးခဲ့သည်။

မူလရေနစ်မြုပ်ခဲ့သော မီးစက်များ ပြင်ဆင်ရေးဆောင်ရွက်နေစဉ် ယာယီအစီအစဉ်အနေဖြင့် အမြန်ဆုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၃၀၀ KVA မီးစက် တစ်လုံး၊ ၂၅၀ KVA မီးစက်နှစ်လုံးတို့ကို မုံရွာမှ ဇက်ရေယာဉ်ဖြင့်ပေးပို့ခဲ့ရာ ဩဂုတ် ၁၂ ရက်တွင် ကလေးဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ကလေးဝဆိပ်ကမ်းမှတစ်ဆင့် ကလေးမြို့သို့သယ်ယူ၍ မီးစက်များကို မြို့ပေါ်ရပ်ကွက်များတွင် ဖြန့်ခွဲတပ်ဆင်ဆောင်ရွက်ခဲ့သည်။

ယခုအခါ ယာယီအစီအစဉ်အနေဖြင့် ကလေးမြို့ပေါ်ရပ်ကွက်များအား ဩဂုတ် ၁၃ ရက်မှစ၍ ရောက်ရှိလာသော ဒီဇယ်မီးစက်များဖြင့် လျှပ်စစ်ဓာတ်အားကို အလှည့်ကျစနစ်ဖြင့် စတင်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

ရေနစ်မြုပ်နေသော ရပ်ကွက်များရှိ ပြုပြင်ရန်ကျန်ရှိသော ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းကြိုးများ၊ ဆားဗစ်ဝါယာကြိုးများ၊ အိမ်တွင်းဝါယာကြိုးများ၊ ရေနစ်မြုပ်မီတာများ စစ်ဆေးပြုပြင်ဆောင်ရွက်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေနစ်မြုပ်သွားသော ပြင်ဆင်ရန်ကျန် ဓာတ်အားပေးစက်များကိုလည်း အမြန်ကောင်းမွန်ရေး အားသွန်ခွန်စိုက် ပြင်ဆင်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်လယ်ယာများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်များရောက်ရှိ

**ကလေး　ဩဂုတ်　၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇူလိုင် ၂၈ရက်မှ စ၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ စိုက်ပျိုးမြေဧက ပေါင်း ၅၀၀၀၀ ကျော် ရေလွှမ်းမိုးပြီး ၃၂၈၉၈ ဧက ပျက်စီးခဲ့သည်။ ယခုအခါ ရေပြန်လည်ကျသွားပြီဖြစ်သဖြင့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အစီးပေါင်း ၈၀ ပေးပို့ခဲ့ရာ ဩဂုတ် ၁၂ရက် ညနေပိုင်းတွင် ကလေးမြို့သို့ ရောက်ရှိသည်။

အဆိုပါ ထွန်စက်များအား နတ်ချောင်း၊ ထိုမာ၊ လက်ပံချောင်းနှင့် ကံသာယာကျေးရွာများရှိပြန်လည်ထူထောင်ရေးရှေ့တန်းစခန်းများမှတစ်ဆင့် ပြန်လည်စိုက်ပျိုး၍ရသည့် လယ်ယာများတွင် စတင်ကာ ထွန်ယက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဂျိုးနက်)**




# ရေဘေးသင့်စာသင်ကျောင်းများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်


**နေပြည်တော် ဩဂုတ် ၁၄**


ရေဘေးသင့်စာသင်ကျောင်းများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် မိမိလှူဒါန်းလိုသော အလှူငွေနှင့်ပစ္စည်းများကို ဒေါ်ဝင်းဝင်းမြင့် ဒုတိယညွှန်ကြားရေးမှူး အခြေခံပညာဦးစီးဌာန နေပြည်တော် ဖုန်း-၀၉-၄၂၀၁၃၃၁၆၉၊ ၀၆၇-၄၀၇၆၉၀နှင့် ဒေါက်တာဥမ္မာသန်း လက်ထောက်ညွှန်ကြားရေးမှူး အခြေခံပညာဦးစီးဌာန နေပြည်တော် ဖုန်း-၀၉-၅၁၇၉၉၅၀ တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်သည်။

**လှူဒါန်းနိုင်သော ကျောင်းဆောင်အမျိုးအစားနှင့်တန်ဖိုးတို့မှာ အောက်ပါအတိုင်းဖြစ်သည်-**








(သတင်းစဉ်)

# သမဝါယမမိသားစုများက ရေဘေးသင့်ဒေသများသို့ အလှူငွေ၊ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် သမဝါယမကဏ္ဍက တစ်တပ်တစ်အားထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁ ရက်က ပွင့်ဖြူမြို့ ကံသာကြီးရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများသို့ ငွေကျပ် ၁၃၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ဩဂုတ် ၅ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ရေဘေးအလှူငွေကျပ် ၉၄ သိန်းကျော်ကို လည်းကောင်း လှူဒါန်းခဲ့သည်။

ထို့အတူ ဩဂုတ် ၈ ရက်က ငွေကျပ် ၁၉ ဒသမ ၃၆ သိန်းတန်ဖိုးရှိ ဆန် ၄၆ အိတ်နှင့် စားသောက်ကုန်ပစ္စည်းများကို ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်ရှိ ရေဘေးသင့်သမဝါယမအသင်းသားများသို့လည်းကောင်း၊ ဩဂုတ် ၁၃ ရက်က စေတုတ္တရာ၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ ဆန်အိတ် ၃၀၀ ကိုလည်းကောင်း၊ ကလေးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၆၄ ဒသမ ၇၅ သိန်းတန်ဖိုးရှိ ဆန် ၁၅၅ အိတ်ကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ ဩဂုတ် ၁၄ ရက်အထိ သမဝါယမမိသားစုများက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမှုစုစုပေါင်းမှာ တန်ဖိုးငွေကျပ် ၂၆၉ ဒသမ ၄၁ သိန်းဖြစ်ပြီး ရေဘေးသင့်ဒေသများရှိ အသင်းသားပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ပံ့ပိုးချေးငွေများ ထပ်မံထုတ်ချေးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ပြည်တွင်းပြည်ပကုမ္ပဏီများက ရေဘေးသင့်ဒေသများအတွက် လာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

ဂျပန်နိုင်ငံ AEON 1% Club Foundation, Kalbe International Pte., Ltd. နှင့် Tin Ye Win Manufacturing Co,.Ltd. တို့က ရေဘေးသင့်ဒေသများအတွက် ဩဂုတ် ၁၄ ရက် ညနေပိုင်းက ကုန်သည်စက်မှုအသင်းချုပ်သို့ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနား၌ AEON 1% Club Foundation မှ တာဝန်ရှိသူတစ်ဦးနှင့် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး AEON 1% Club Foundation က USD 20000၊ Mr. Makoto Yasuda နှင့် Mr. Koichi Yoshida (BELL Wood Co,.Ltd.) က USD 500၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ပံ့ပိုးကူညီမှုတို့ဖြင့် Kalbe International Pte., Ltd. နှင့် Tin Ye Win Manufacturing Co,.Ltd တို့က သိန်းတစ်ထောင်ကျော် တန်ဖိုးရှိ Zee Chocolate Milk များကို လာရောက်လှူဒါန်းကြကြောင်း သိရသည်။

**(ကြေးမုံ)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၄ ရက်


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၄၀၁၄ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၆၁ |
| ၅။ | ချင်းပြည်နယ် | ၄၄၂၆ | ၄၀၈၉ | ၄၀၈၉ | ၂၂၀၅ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၆၅၀ | ၁၈၂၄၃၈ | ၁၄၁၆၈၀ | ၁၀၁၈၄၇ | ၁၈၁၃၉ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၀၁၆၉၆ | ၁၅၀၄၆၉ | ၅၉၃၃၇ | ၃၈၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၈၈၆ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၁၈၅၁၇ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၀၆၇၆ | ၅၂၂၁၈ | ၅၁၂၇၈ | ၆၄၆၀ | ၁၀၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၂၉၉၃ | ၁၂၇၇၃ | ၃၄၈၁ | ၂၁၇၄ | ၂၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၉၃၅၆၄ | ၉၉၁၀၇ | ၈၂၁၀၄ | ၆၀၂၄၅ | ၁၉၆၃ |
| | စုစုပေါင်း | ၁၄၁၃၂၇၀ | ၁၀၈၀၀၆၂ | ၈၂၂၀၄၀ | ၅၂၈၃၃၂ | ၁၄၅၂၇၇ |

## အလှူငွေများပေးအပ်

**ပုသိမ် ဩဂုတ် ၁၄**

ပုသိမ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက် ၁၁နာရီတွင် မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့၏ ပံ့ပိုးမှုဖြင့် မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် သံဃနာယကအဖွဲ့ဆရာတော်ကြီးများနှင့် ကျွန်းသူကျွန်းသားများမှ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကိုကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား သံဃနာယကအဖွဲ့ဝင်ဆရာတော်တစ်ပါးက ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ် သိန်း ၁၀၀ ကိုပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အဆိုပါ အလှူရှင်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများသို့ အလှူငွေကျပ် ၁၁၈ သိန်းနှင့် ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၅၀၀ ကျော်ရှိ ကူညီကယ်ဆယ်ရေးပစ္စည်းများကို သွားရောက် လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## မြစ်ရေဝင် ရွှေ့ပြောင်းပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးရဲအောင်မြင့်သည် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးဒေသအတွင်း မြစ်ရေဝင်ရွှေ့ပြောင်းဘုန်းတော်ကြီးကျောင်းများနှင့် ဒေသခံပြည်သူများအတွက် မန္တလေးအခြေစိုက် မွန်တိုင်းရင်းသားများနှင့် မွန်ပြည်နယ် မုဒုံမြို့နယ်မှ မွန်တိုင်းရင်းသားများ စုပေါင်း၍ ဆန်နှင့် ထောက်ပံ့ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်နိုင်ရေး အလှူငွေများအား ဩဂုတ် ၁၂ ရက်က ပုဂံ-ညောင်ဦးဒေသ အဆိုပါရေဘေးသင့်စခန်းများသို့ သွားရောက်ပေးအပ်လှူဒါန်းကြသည်။



လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ်၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်ဥပဒေအရာရှိ ဒေါ်သန်းသန်းမော်၊ လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်းမှုအနေဖြင့် ညောင်ဦးခရိုင်အတွင်းရှိ မြစ်ရေဝင်ရွှေ့ပြောင်းကျေးရွာကိုးရွာ၊ ရပ်ကွက် နှစ်ရပ်ကွက်၊ အိမ်ထောင်စု ၁၈၀၄ စုမှ လူဦးရေ ၇၁၄၁ ဦးအား အလှူငွေကျပ်သိန်း ၁၄၀ တန်ဖိုးရှိ ဆန်နှင့် ထောက်ပံ့ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း ၁၆ တွင်း၊ တစ်တွင်းလျှင် ကုန်ကျငွေကျပ် ၁၅၅၀၀၀ နှုန်းဖြင့် စုစုပေါင်းအလှူငွေကျပ် ၁၄၈၀၀၀၀ တို့အားပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


## ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝေခမြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ် အထက်တွင်ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

**(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ဝေခမြစ်၏ နေ့အလိုက်ရေမှတ်များ



## ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ရေဘေးသင့်ဒေသရှိ အစာနှင့်ဆေးဝါးများ လိုအပ်နေသော တိရစ္ဆာန်များအတွက် ဩဂုတ် ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်များသို့ တစ်မြို့နယ်လျှင် အစာ ၄ ဒသမ ၂ တန်နှုန်းဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၁၁ သန်းဖိုး ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျန်ရှိနေသေးသော ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ဆက်လက်ပေးပို့လျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းကူညီဆောင်ရွက်ရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူပင် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးထုတ်လုပ် ရေးကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုကလည်း နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် ဆေးဝါးများ လှူဒါန်းလိုပါက ဒေါက်တာစိုးဝင်း ညွှန်ကြား ရေးမှူး နေပြည်တော် ဖုန်း- ၀၆၇- ၄၀၈၁၇၅၊ ၀၉ ၄၉၂၀၈၇၂၅ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၀၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၂၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၉၁' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၁၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၀၀' |
| ၆။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၄၀' |
| ၇။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၀. ၈၀' |
| ၈။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၁၀' |
| ၉။ | ကိုးပင်ကန် | ၉၇၆၄ | ၃. ၁၀' |
| ၁၀။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၁၁။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၄၅' |
| ၁၂။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၇၀' |
| ၁၃။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၆၀' |
| ၁၄။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၀၀' |
| ၁၅။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၆၀' |
| ၁၆။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၇။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၂၀' |
| ၁၈။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၉။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၂၀။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၂၁။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၆၀' |
| ၂၂။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၃။ | ဇလပ်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၄။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၂၀' |
| ၂၅။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၉၉' |
| ၂၆။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၇။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၁၀' |
| ၂၈။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၉။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၃၀။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၈၀' |
| ၃၁။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၇၀' |
| ၃၂။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၈၀' |
| ၃၃။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၄။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၃၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၆။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၆၀' |
| ၃၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၈။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၂၅' |
| ၃၉။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၃၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

(သတင်းစဉ်)

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၄ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင်၁၆ရက်မှ ဩဂုတ် ၁၄ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၃၄၃၇၅၉ စုမှ လူဦးရေ ၁၄၉၁၀၄၉ ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၆ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၇၆၈၇၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၄၉၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၀၆၂၇၀၄၂၈ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၉၀၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၇၄၁၃၃၄၀၈ ကျပ်ကို ပေးပို့ထောက်ပံ့ခဲ့သည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၄-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၀၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၀၀ | ၆၅၆၄၉ | ၃၃၆၉၀၄ | ၁၄ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၃၈၂၇၅၅၀၀ | ၁၀၀၀၀၀၀ | ၈၀၈၉၈၆၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၀၇ | ၁၄၆၂ | ၇၅၀၆ | ၉ | - | - | - | ၅၁၀၀၅၂၂ | ၅၀၀၀၀၀ | ၅၆၀၀၅၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၅ | ၁၅၂၄၈ | ၁၁ | ၉၄၃၆၇၀၀ | - | ၄၉၀၀၀၀၀ | ၂၈၁၉၂၄၀၄ | ၁၁၀၀၀၀၀ | ၄၃၆၂၉၁၀၄ | |
| ၅။ | ချင်းပြည်နယ် | ၂၂၉၇ | ၂၆၉၉ | ၁၃၄၇၂ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၂၅ | ၄၁၂၂၃ | ၁၆၁၅၈၄ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၀ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၁ | ၁၁၁၈၉၆ | ၄၅၂၂၆၀ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၅၈၉၃ | ၆၂၉၁၆ | - | ၁၆၆၅၀ | - | - | ၁၅၄၆၃၂၆၀ | - | ၁၅၄၇၉၉၁၀ | |
| | စုစုပေါင်း | ၁၄၈၉၃ | ၃၂၆၁၁၅ | ၁၄၇၆၁၃၈ | ၉၉ | ၉၀၂၂၁၄၀၀ | ၁၁၄၅၁၄၅၀ | ၁၀၉၅၅၀၀၀၀ | ၂၉၀၅၆၄၈၄၈ | ၈၃၀၀၀၀၀ | ၅၁၀၀၈၇၆၉၈ | |
| | ဇွန်လနှင့် ဇူလိုင်လ၊ ဩဂုတ်လ စုစုပေါင်း | ၁၅၂၉၈ | ၃၂၈၄၆၁ | ၁၄၉၁၀၄၉ | ၁၀၆ | ၉၃၇၆၈၇၅၀ | ၁၅၂၄၄၂၃၀ | ၁၄၉၈၅၀၀၀၀ | ၃၀၆၂၇၀၄၂၈ | ၉၀၀၀၀၀၀ | ၅၇၄၁၃၃၄၀၈ | |



# ရေဘေးသင့်ဒေသများသို့ သောက်ရေသန့်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ပြီးခဲ့သည့်ရက်သတ္တပတ်များက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ နေရာအများစုတွင် ရေများပြန်ကျသွားပြီဖြစ်သော်လည်း ရေဘေးသင့်နေရာများတွင် နေထိုင်သူများမှာ ရေဘေးသင့်မှုများ၏ နောက်ဆက်တွဲအခြေအနေများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

ရေဘေးသင့်ဒေသများတွင် နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သလို ပြန်လည်တည်ထောင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ရေဘေးသင့်ဒေသများတွင် အခြေခံလိုအပ်ချက်များရှိနေဆဲဖြစ်ပြီး သောက်သုံးရေသန့် ရရှိရန်မှာလည်း လွန်စွာအရေးပါလှသည်။ ရေဘေးသင့်ပြည်သူများ၏ အဓိက လိုအပ်ချက်ဖြစ်သော သောက်သုံးရေသန့်ရရှိရန် လွယ်ဟိန်း ကုမ္ပဏီ၏ Alpine သောက်ရေသန့်က ဖြည့်ဆည်းပေးလျက်ရှိပြီး နေရာဒေသမရွေးပို့ဆောင်လှူဒါန်းပေးလျက်ရှိသည်။ လွယ်ဟိန်းကုမ္ပဏီသည် ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းလျက်ရှိသလို ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသို့လည်း လှူဒါန်းလျက်ရှိသည်။ လွယ်ဟိန်းကုမ္ပဏီသည် ဩဂုတ် ၅ ရက်မှစ၍ တစ်လီတာ Alpine သောက်ရေသန့်ဘူးများကို လှူဒါန်းခြင်းဖြစ်ပြီး ရေသန့်ဘူးပေါင်း သိန်းဂဏန်းရှိနေပြီဖြစ်သည်။ Alpine သောက်ရေသန့်မိသားစု၏ ရေဘေးကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအဖွဲ့က ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ အဖွဲ့အစည်း ၁၁၆၂ ဖွဲ့နှင့်လူပုဂ္ဂိုလ် ၁၉၉ ဦးတို့မှတစ်ဆင့် Alpine သောက်ရေသန့်ဘူး ၁၅၁၂၆၁၂ ဘူး တန်ဖိုးငွေကျပ် ၃၀၄၄၅၂၀၀၀ လှူဒါန်းထားကြောင်း သိရသည်။

လွယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ဦးဆောင်၍ Alpine သောက်ရေသန့်မိသားစုက လှူဒါန်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိပြီး နေ့စဉ်ရေသန့်ဘူးပေါင်း သုံးသိန်းကျော် လှူဒါန်းသွားမည်ဖြစ်သည်။

မမျှော်လင့်သည့် သဘာဝဘေးအန္တရာယ်ကြောင့် မြန်မာနိုင်ငံ၏နေရာဒေသအနှံ့အပြားတွင် ရေဘေးသင့်မှုများကြုံတွေ့ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ နေရာဒေသများ ပြန်လည်ထူထောင်ရေးအတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ပရဟိတစိတ်ကောင်းမွန်သည့် မြန်မာလူမျိုးများကြောင့် လိုအပ်ချက်များစွာကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

# ရေကြီးနစ်မြုပ် ပျက်စီးရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ့မီးရထား တိုင်းအမှတ် (၇) ကွမ်းတောင် - ကျောက်တော်လမ်းပိုင်း ရေတိုက်စားထားသော စစ်တွေ-ဇော့ပူဂျာ မိုင် (၄/၅-၆)တွင် သဲအိတ် ၁၇၂ အိတ်၊ မိုင် (၄/၆-၇) တွင် သဲအိတ် ၂၇၄ အိတ် စုစုပေါင်း ၄၄၆ အိတ် စီထပ်ထားခြင်းနှင့် အောင်ဖြူပြင် -ယိုးတရုတ်ကြား မိုင် (၂၀/၃-၄) တွင် ကျောက်ကြီး ၁၇ ဒသမ ၅ ကျင်းချခြင်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

တိုင်းအမှတ် (၁၀) ပခုက္ကူ - ကျောလမ်းပိုင်း ကျောသာ-ဝါးပင်ကြား မိုင် (၅၇၂/၃-၅)ရှိ တောင်ပြိုနေရာတွင် ၁၅ ပေ ပတ်လည် ကျောက်တုံးပြိုကျမှုကြောင့် ၇၅ ပေါင် သံလမ်းနှစ်ချောင်းနှင့် ဘေးထိန်းသံလမ်းကွေးကောက်သွားသဖြင့် သံလမ်းများ အစားထိုးလဲလှယ်ပြီး၍ ဩဂုတ် ၁၄ရက် ညနေ ၄ နာရီတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တိုင်းအမှတ် (၄) ရွှေညောင်-တောင်ကြီး လမ်းပိုင်း ရွှေညောင်-ထီသိမ်ကြား မိုင် (၄၁၇/၃- ၄) တွင် အင်ဂျင်နီယာ (သံလမ်း/ရွှေညောင်) နှင့် လုပ်သား ၁၅ ဦးပါ အဖွဲ့က တောင်ပြိုမြေများရှင်းလင်းဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီ ၄၆ မိနစ်တွင် လမ်းပိုင်း ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရှိရသည်။ **(ကြေးမုံ)**

# မင်းတုန်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**မင်းတုန်း ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်လှိုင်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်တို့ကို ပြောကြားသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် သင်တန်းသား ၁၅၂ ဦးတို့အား သင်တန်းနည်းပြဆရာများက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များ၊ မဲစာရင်းပြုစုခြင်းလုပ်ငန်းများ၊ လွှတ်တော်အရပ်ရပ်၏ ဥပဒေ၊ နည်းဥပဒေများကို ဘာသာရပ်အလိုက် သင်ကြားပို့ချပေးသည်။ အဆိုပါ သင်တန်းကို နှစ်ရက် ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သက်ထွန်း(မင်းတုန်း)**

# ကျောင်းစာကြည့်တိုက်သို့ အလှူငွေနှင့်စာအုပ်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမက (၂၇)တွင်"မှန်"ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီက အင်းစိန်မြို့နယ် ပညာရေးမှူး ဒေါက်တာအေးအေးစန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ မြို့မိမြို့ဖ ဦးထွန်းဝေနှင့် ကျောင်းအကျိုးတော်ဆောင် ဦးသန်းဦးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဖွင့်ပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များက စာကြည့်တိုက်အတွင်းသို့ လှည့်လည် ကြည့်ရှုကြသည်။ အဆိုပါကျောင်းစာကြည့်တိုက်သို့ ပညာရေးမှူးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးတို့က အလှူငွေများနှင့် စာအုပ်စာစောင်တို့ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



# အင်္ဂပူမြို့တွင် ရေများပြန်လည်ကျဆင်းနေပြီဖြစ်၍ လျှပ်စစ်ဓာတ်အားများ ပုံမှန်ဖြန့်ဝေပေးလျက်ရှိ

**အင်္ဂပူ ဩဂုတ် ၁၄**

အင်္ဂပူမြို့တွင် ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေများဝင်ရောက်မှုကြောင့် ရပ်ကွက်/ကျေးရွာအချို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ဓာတ်အားခွဲရုံများ၊ လျှပ်စစ်မီတာများ ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်ဓာတ်အားများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစတင်၍ ယာယီဖြတ်တောက်ခဲ့သည်။

ယခုအခါ ရေများပြန်လည်ကျဆင်းနေပြီဖြစ်၍ အင်္ဂပူမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးထွန်း ဦးဆောင်သော လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက အိမ်သုံးလျှပ်စစ်မီတာများ ပြန်လည်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းများ ပြန်လည်ချိတ်ဆက်ခြင်း လုပ်ငန်းများကို ဩဂုတ် ၁၃ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် လျှပ်စစ်ဓာတ်အားများ ပြန်လည် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



# ရေဘေးသင့်ပြည်သူများနှင့် တိရစ္ဆာန်များ နေရပ်သို့ပြန်ကြပြီ

**ရေနံချောင်း ဩဂုတ် ၁၄**

ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့မှ ဧရာဝတီမြစ်ရေ မြင့်တက်ဝင်ရောက်မှုကြောင့် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသော လူနှင့်တိရစ္ဆာန်များ မြစ်ရေကျ၍ နေရပ်ဒေသများသို့ ပြန်နေကြပြီဖြစ်ကြောင်း သိရသည်။ ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်ဝင်ရောက်မှုကြောင့် လူအချို့နှင့် တိရစ္ဆာန်များကို စွမ်းအင်ဝန်ကြီးဌာနပိုင် ဇက်ရေယာဉ်များဖြင့် ရေနံချောင်းမြို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်စောင့်ရှောက်ခဲ့ကြသည်။ ယခုအခါ မြစ်ရေသည် စိုးရိမ်စရာမရှိ ဘဲ ပြန်လည်ကျဆင်းကာ ပုံမှန်အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများနှင့် တိရစ္ဆာန်များကို ဩဂုတ် ၁၄ရက်က စွမ်းအင်ဝန်ကြီးဌာနပိုင် ကျော်စွာဇက်ရေယာဉ်ဖြင့် ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာအဖွဲ့ဝင်အင်အား ၁၅ ဦးဖြင့် လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

"မြစ်ရေတွေတိုးတော့ ဇက်ရေယာဉ်တွေနဲ့လာခေါ်တယ်။ ကယ်ဆယ်ရေးစခန်းတွေမှာလည်း အစားအသောက်နဲ့ ကျန်းမာရေးကအစ အားလုံး ဂရုစိုက်ကြတယ်။ တီဗွီတွေလည်းညတိုင်းလာဖွင့်ပြပေးတယ်။ အခုရေကျတော့လည်း ရွာအထိအဆင်ပြေအောင် လိုက်ပို့ပေးတယ်။ ကျေးဇူးတင်ပါတယ်ဗျာ။ အခုကတော့ ရွာပြန်ရလို့ပျော်နေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**(မြို့နယ်ပြန်/ဆက်)**

# ကျူးဘားသမ္မတဟောင်း ဖီဒယ်လ်ကက်စထရို၏ (၈၉)နှစ်မြောက်မွေးနေ့ အခမ်းအနားကျင်းပ



**ဟာဗားနား ဩဂုတ် ၁၄**

ကျူးဘားနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ သမိုင်းဝင်အလည်အပတ်လာရောက်သည့် နေ့ရက်မတိုင်မီ တစ်ရက်အလိုတွင် သမ္မတဟောင်း ဖီဒယ်လ်ကက်စထရို၏ အသက် (၈၉)နှစ်ပြည့်မွေးနေ့အခမ်းအနားကို ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့ကြောင်း၊ ယင်းမွေးနေ့ပွဲသို့ လက်တင်အမေရိကဒေသမှ ကက်စထရို၏ လက်ဝဲမဟာမိတ်နှစ်နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

သမ္မတဟောင်း ကက်စထရိုသည် ကျန်းမာရေးအခြေအနေ ကျဆင်းလာမှုကြောင့် ၂၀၀၈ ခုနှစ်တွင် ၎င်း၏ ညီဖြစ်သူ ရာအူးလ် ကက်စထရိုအား အာဏာလွှဲအပ်ခဲ့သည်။ ယမန်နေ့ကကျင်းပသော ၎င်း၏မွေးနေ့ပွဲသို့ ကျူးဘားကွန်မြူနစ်အစိုးရအား အခိုင်အမာ ထောက်ခံအားပေးခဲ့သည့် လက်ဝဲနိုင်ငံနှစ်နိုင်ငံဖြစ်သော ဗင်နီဇွဲလား နိုင်ငံမှ သမ္မတနီကိုလ်စ်မာဒူရိုနှင့် ဘိုလီးဗီးယားနိုင်ငံသမ္မတ အီဗိုမိုရေးလ်တို့လည်း တက်ရောက်ကြသည်။

ဖီဒယ်လ်ကက်စထရို၏ မွေးနေ့ညစာစားပွဲကျင်းပမှုသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ဟာဗားနားသို့လာရောက်သည့်နေ့ရက်၏ အကြိုနေ့နှင့် တိုက်ဆိုင်နေသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် ဟာဗားနားမြို့၌ မကြာသေးမီက ဖွင့်လှစ်ခဲ့သော အမေရိကန်သံရုံး၌ အမေရိကန်အလံလွှင့်ထူပွဲ အခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တစ်ဦးအနေဖြင့် နှစ်ပေါင်း ၇၀ အကြာတွင် ကျူးဘားသို့ ပထမဆုံးလာရောက်သည့် အဆိုပါခရီးစဉ်မှာ ယမန်နှစ် ဒီဇင်ဘာလအတွင်းက ကျူးဘားသမ္မတ ရာအူးလ်ကက်စထရိုနှင့် အမေရိကန်သမ္မတ အိုဘားမားတို့အကြား တင်းမာမှုများလျော့ကျလာခြင်း၏ ရလဒ်တစ်ခုလည်းဖြစ်သည်။ **ဆင်ဟွာ။**

# အထက်တန်းအဆင့်စာမေးပွဲကျင်းပရန် ဒေါ်လာ ၃ သန်း ကမ္ဘောဒီးယားအစိုးရ ကုန်ကျခံမည်




**ဖနွမ်းပင် ဩဂုတ် ၁၄**

ကမ္ဘောဒီးယားနိုင်ငံအစိုးရက နှစ်စဉ်ကျင်းပလျက်ရှိသည့် အထက်တန်းအဆင့်ပြီးဆုံးခြင်း စာမေးပွဲကျင်းပရန် ယခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၃ သန်းကုန်ကျခံမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားပညာရေးဝန်ကြီးက မီဒီယာများကို ယနေ့ပြောသည်။

အထက်တန်းအဆင့်ပြီးဆုံးခြင်းစာမေးပွဲကို ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဖြေဆိုသူ ၈၈၄၈၈ ဦးခန့်ရှိကြောင်း သိရသည်။

ယခုနှစ်စာမေးပွဲကို ယခင်နှစ်စာမေးပွဲများထက်ပိုမိုတင်းကျပ်မည်ဖြစ်ကြောင်းနှင့် လက်ကိုင်ဖုန်းများ၊ ခိုးချသောစာများနှင့် အခြားအီလက်ထရွန်နစ် ဆက်စပ်ပစ္စည်းများကို စာမေးပွဲဖြေဆိုသည့် အခန်းထဲသို့ ယူဆောင်ခွင့်ပြုမည်မဟုတ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောသည်။

စာမေးပွဲအခန်းစောင့် ဆရာ၊ ဆရာမ ထောင်ကျော်နှင့်အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဌာနမှ အရာရှိများနှင့် စေတနာ့ဝန်ထမ်း ၃၀၀၀ ကျော်သည် စာမေးပွဲဖြေဆိုဌာန ၁၅၀ရှိ အခန်းပေါင်း ၃၅၇၆ ခန်းတွင် စာမေးပွဲအခန်းစောင့် တာဝန်ထမ်းရွက်မည်ဖြစ်သည်။

အဆိုပါအထက်တန်းအဆင့်ပြီးဆုံးခြင်းဘွဲ့သည် ကျောင်းသားများအတွက် တက္ကသိုလ်အဆင့်ပညာရေးတွင် မရှိမဖြစ်လိုအပ်သည့်အရာတစ်ခုဖြစ်သည်။

လျှောက်ထားသူများက ပထဝီ၊ သမိုင်း၊ ဇီဝ၊ နိုင်ငံခြားဘာသာစကား၊ ခမာစာပေ၊ သင်္ချာနှင့် ပြည်သူ့နီတိ ဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်။ စာမေးပွဲကို နှစ်ရက်ကြာဖြေဆိုရမည်ဖြစ်ပြီး အောင်စာရင်းများကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ယမန်နှစ် ဖြေဆိုခဲ့သူ ၉၀၀၀၀ နီးပါးအနက် ၃၃၉၉၇ ဦး(၄၀ ဒသမ ၆ ရာခိုင်နှုန်း) ခန့်သာ အောင်မြင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

# ထိုင်းအမတ်ဟောင်း ၂၄၈ ဦးကို နိုင်ငံရေးလှုပ်ရှားမှုမှ ပိတ်ပင်ခြင်း မပြုရန် ဆုံးဖြတ်

**ဗန်ကောက် ဩဂုတ် ၁၄**

ထိုင်းနိုင်ငံ၏ ပါလီမန်အမတ်ဟောင်း ၂၄၈ ဦးအား နိုင်ငံရေးလှုပ်ရှားမှုများမှ ပိတ်ပင်ခြင်းမပြုရန်တပ်မတော်က ခန့်အပ်သည့် ပါလီမန်က ဩဂုတ် ၁၄ ရက်တွင် မဲခွဲဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မဲခွဲဆုံးဖြတ်မှုနှင့် သက်ဆိုင်နေသော ပါလီမန်အမတ်ဟောင်း အများအပြားမှာ ရာထူးမှဖယ်ရှားခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာ၏ မဟာမိတ်များအဖြစ် ရပ်တည်ခဲ့ကြသူများဖြစ်ကြသည်။ အထက်လွှတ်တော်အား အပြည့်အဝရွေးချယ် တင်မြှောက်နိုင်ရန် ရည်ရွယ်လျက် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးရန် ထောက်ခံခဲ့ကြသူများအဖြစ် အဆိုပါ အမတ်ဟောင်းများ စွပ်စွဲခံခဲ့ကြရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပြောင်းလဲရန် ကြိုးပမ်းခြင်းသည် အာဏာအလွဲသုံးမှုကို ဖြစ်ပေါ်စေနိုင်သည်ဟု သဘောသက်ရောက်ကြောင်း အမျိုးသားအဂတိမှုတိုက်ဖျက်ရေးကော်မရှင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ တပ်မတော်ကထောက်ခံသော ပါလီမန်သည် ပါလီမန်အမတ်ဟောင်းများအား နိုင်ငံရေးလှုပ်ရှားခြင်းမှ ပိတ်ပင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။ အမျိုးသားဥပဒေပြုလွှတ်တော် အမည်ရှိ ပါလီမန်သည် အမတ်ဟောင်း ၂၄၈ ဦးအား နိုင်ငံရေးလှုပ်ရှားမှုမှ ပိတ်ပင်မည်မဟုတ်ကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပီရာဆက်ပေါ်ချစ်က ပြောကြားသည်။ **ရိုက်တာ။**

# ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ဒေသတွင် တရုတ်လေတပ်လေယာဉ်များ လေ့ကျင့်ပျံသန်း

**ကွမ်ကျိုး ဩဂုတ် ၁၄**

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ပီအယ်လ်အေ) လေတပ်မှ လေယာဉ်အမျိုးအစား အစုံအလင်ပါဝင်သော စစ်လေယာဉ်များသည် ဩဂုတ် ၁၄ ရက်တွင် ပစိဖိတ်သမုဒ္ဒရာအနောက်ဘက်ဒေသ၌ စစ်ရေးလေ့ကျင့်ပျံသန်းခဲ့ကြောင်း တရုတ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်ကို ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်လေတပ်မှ လေယာဉ်များသည် ဘာရှီရေလက်ကြားမှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ဝေဟင်အတွင်းသို့ ပျံသန်းခဲ့ကြောင်း၊ ပထမကျွန်းတန်းအမည်ရှိနေရာကို ကျော်လွန်၍ ခရီးတာအကွာအဝေးမှာ ကီလိုမီတာ ၁၀၀၀ အထိ ပျံသန်းခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ပထမကျွန်းတန်းသို့ တရုတ်တို့ ရည်ညွှန်းသည့်ဒေသမှာ မြောက်ဘက်တွင် ဂျပန်နိုင်ငံ၊ တောင်ဘက်တွင် တရုတ်(ထိုင်ပေ)နှင့် ဖိလစ်ပိုင်နိုင်ငံတို့တည်ရှိရာ နယ်မြေဒေသဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို နိုင်ငံတကာဥပဒေများနှင့်အညီ လုပ်ဆောင်သွားခြင်းဖြစ်ပြီး မည်သည့်နိုင်ငံနှင့် ဒေသများကိုမဆို ပစ်မှတ်ထားလုပ်ဆောင်ရန် ရည်ရွယ်ခြင်းမရှိကြောင်း တရုတ်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**

# ခိုးယူခံခဲ့ရသော ကန်ဒေါ်လာ ၁၅ သန်းတန် ပီကာဆို၏ပန်းချီကား ပြင်သစ်နိုင်ငံသို့ အမေရိကန်ပြည်ထောင်စု ပြန်ပေးအပ်

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်အမြန်ချောပို့ကုမ္ပဏီတစ်ခုဖြစ်သော FedEX ၏ ပါဆယ်ဘူးခွံတစ်ခုအတွင်း တွေ့ရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၃၇ ဒေါ်လာဈေးနှုန်းချိတ်ထားသော "La Coiffeuse" အမည်ရှိ အမေရိကန်ဒေါ်လာ ၁၅ သန်းတန်ပီကာဆို၏ ခိုးယူခံခဲ့ရသော ပန်းချီကားတစ်ချပ်ကို ရှစ်လအကြာတွင် အမေရိကန်ပြည်ထောင်စုက ပြင်သစ်နိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြင်သစ်-အမေရိကန် အကောက်ခွန်ဌာနချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ခေတ်သစ်အနုပညာ အမျိုးသားပြတိုက်သို့ "La Coiffeuse" ပန်းချီကား ပြန်လည်ရောက်ရှိတော့မည်ဖြစ်ပြီး အများပြည်သူ တစ်ဖန်ပြန်လည်ကြည့်ရှုခွင့်ရတော့မည် ဖြစ်ကြောင်း ပြင်သစ်သံရုံးမှ မစ်ရှင်ဒုတိယအကြီးအကဲ ဖရစ်ဒရစ်ဒိုရီက အခမ်းအနားတစ်ခု၌ ပြောကြားသည်။ "La Coiffeuse" သို့မဟုတ် "The Hairdresser" ဟု ခေါ်ဆိုသော ၁၉၁၁ ခုနှစ်က ပီကာဆိုရေးဆွဲခဲ့သည့် ဂျီဩမေတြီပုံများဖြင့် ပုံဖော်ထားသော ခေတ်သစ်ဆီဆေးပန်းချီကားကို ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ၁၉၉၈ ခုနှစ်က နောက်ဆုံးပြသခဲ့ပြီး ပါရီမြို့ရှိ ခေတ်သစ်အနုပညာ အမျိုးသားပြတိုက်သို့ ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါပန်းချီကားမှာ ၂၀၁၁ ခုနှစ်တွင် မော်ကွန်းတိုက်မှ ပျောက်ဆုံးနေကြောင်း ပါရီပြတိုက်က အကြောင်းကြားခဲ့သည်။

ယင်းပန်းချီကားကို နှစ်ပေါင်းများစွာကြာ အများပြည်သူသို့ မပြသချိန်ကတည်းက ပန်းချီကားမည်သည့်အချိန်က ခိုးယူခံရသည်ကို မည်သူမျှမသိချေ။ ပြတိုက်ဝန်ထမ်းများက ပန်းချီကားကို မော်ကွန်းတိုက်အတွင်းမှ ပြန်ထုတ်ယူရန် သွားရောက်သောအခါ ပန်းချီကားခိုးယူခံခဲ့ရကြောင်း တွေ့ရှိခဲ့သည်။ အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးဌာနမှ တာဝန်ရှိသူများက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် နယူးဂျာစီပြည်နယ် နီးဝပ်ခ်မြို့ရှိ ကုန်ပစ္စည်းပို့ဆောင်ရေးဌာနတစ်ခုအား စစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် အဆိုပါပန်းချီကားကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အာဏာပိုင်များ၏အဆိုအရ ကုန်ပစ္စည်းအညွှန်းတွင် ယင်းပန်းချီကားကို ယူရို ၃၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၃၇ ဒေါ်လာမျှသာ တန်ကြေးရှိသော တန်ဖိုးနည်းလက်မှုပညာပစ္စည်းတစ်ခုအဖြစ် ဖော်ပြထားကြောင်းသိရသည်။**ဆင်ဟွာ။**



## ခရီးသည်တင်မှန်လုံယာဉ် ဝါယာရှော့ခ်ဖြစ်ရာက မီးလောင်

**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဒိုးပင်ရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ်(၁၀၇/၃)အနီးတွင် ဩဂုတ် ၁၂ ရက်က ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမှ ကသာသို့ ဒီပဲယင်းမြို့ မြို့မရပ်နေ ဂျပန်ကြီး(ခ) တင်ဖြိုးဝင်း (၃၂)နှစ် မောင်းနှင်လာသော ၉ခ/---ခရီး သည်တင်မှန်လုံယာဉ်မှာ အင်ဂျင်စက်ခန်းအတွင်း ဝါယာရှော့ခ်ဖြစ်ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် အမျိုးသားကိုးဦး၊ အမျိုးသမီးကိုးဦးတို့ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်တစ်စီးလုံးနှင့် ခရီးသည်များ၏ အသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ၎င်းယာဉ်မောင်းအား ကောလင်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



## စစ်ဆေးရေးဂိတ်သို့ အလစ်အငိုက်ဖြတ်သန်းမောင်းနှင်လာသော ၂၂ ဘီးတွဲယာဉ်ပေါ်မှ တမလန်းသစ်တုံးများ သိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၁၄**

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး တရားမဝင် အကောက်ခွန်မဲ့ ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဌာနစုံပူးပေါင်းစစ်ဆေးရေးအဖွဲ့ (Mobile Team)သည် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီခွဲက မန္တလေးဘက်မှ မူဆယ်ဘက်သို့ ထွက်ခွာမောင်းနှင်လာသော အဖြူရောင်တွဲကား ၂၂ ဘီးကား ယာဉ်အမှတ်၅၄/---သည် စစ်ဆေးရေးဂိတ်သို့ အလစ်အငိုက်ဖြတ်သန်းမောင်းနှင်လာရာ စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးနေစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ထို့နောက်ယာဉ်ပေါ်မှ ပြောင်းဖူးအိတ်များ ဖုံးအုပ်ကာ အောက်တွင် တမလန်းသစ်တုံး ပတ်လည်စကွဲယားတုံးပေါင်း ၈၀ ခန့်အား သိမ်းဆည်းရမိသည်။ သိမ်းဆည်းရမိသောယာဉ်အား နိုင်ငံတော်ဘဏ္ဍာဖြင့် သိမ်းဆည်းပြီး တရားမဝင်သစ်များအား မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပြီး သစ်တန်များ တွက်ချက်မည်ဖြစ်ကြောင်း သိရသည်။ **(စိုးဝင်း)**

## စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်က ဆိုက်ခေါင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာ ဆိုင်းဘုတ်အနီးတွင် တောင်ကြီးဘက်မှ ဆိုက်ခေါင်ကျေးရွာဘက်သို့ မောင်စိန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၄၀၀ သိမ်းဆည်းရမိသည်။

အလားတူ ဇူလိုင် ၂၁ ရက်က နယ်မြေခံတပ်နှင့် အမှတ်(၁၀၁၇)နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် စောကျော်သက်နှင့် စောဆန်းအောင်တို့ အခြေပြုသည့် ထိန်းချုပ်နယ်မြေဖြစ်သော ကော့ကရိတ်မြို့ ကောင်းမှူရွာအနီး နယ်မြေအားရှင်းလင်းစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၈၅၇ ပြား သိမ်းဆည်းရမိသည်။

ထို့အတူ ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု အောင်ပွဲကျေးရွာနေ မောင်ဖွိုင်၏နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## အောင်မြေသာစံ မြို့နယ်တွင် မီးလောင်မှု ဖြစ်ပွား



**မန္တလေး ဩဂုတ် ၁၄**

မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် ၈၂ လမ်းနှင့် ၈၃လမ်းကြား၊ ၁၈လမ်းနှင့် ၁၉လမ်းကြားရှိ ကျီဝင်းရပ်တွင် ယနေ့ညနေ ၅ နာရီခွဲက အဲကိုလာအပူလွန်ကဲခြင်းကြောင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးမှာ ကျီဝင်းရပ်အကွက်အမှတ်(၁၄၄)တွင်နေထိုင်သူ ဒေါ်ခင်နွယ်ရင်၏ နေအိမ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အိမ်ခြေလေးလုံး၏ အပေါ်ထပ်ခြမ်း၊ တန်ဖိုး ငွေကျပ်ရှစ်သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၅၀ တို့က အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ယာဉ် အစီး ၄၀ ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅နာရီ၅၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ကျွမ်းမှုအား အမှတ်(၅) ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းဘေးထနောင်းပင်အား ဝင်ရောက်တိုက်မိ၍ ရှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကြီးကန်ကျေးရွာအနီး ပခုက္ကူ-ရေစကြိုကားလမ်း မိုင်တိုင်အမှတ်(၂၀/၆-၇)ကြားတွင် ဩဂုတ် ၁၂ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၆နာရီခွဲက ပခုက္ကူမြို့မှ မန္တလေးမြို့သို့ ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက်နေ ဇော်မိုးဝင်း(၃၀)နှစ် မောင်းနှင်လာသော ဟွန်ဒိုင်းကောင်တာ ခြောက်ဘီးယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်း၏ဝဲဘက်ဘေးရှိ ထနောင်းပင်အား ဝင်ရောက်တိုက်မိသဖြင့် ယာဉ်မောင်းနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး၊ စုစုပေါင်း ရှစ်ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် ပခန်းကြီး တိုက်နယ်ဆေးရုံနှင့် ပခုက္ကူမြို့ပြည်သူ့ဆေးရုံကြီးတို့သို့ ပို့ဆောင်ပေးခဲ့ကာ ယာဉ်မောင်းအား ပခန်းကြီး နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## လက်ကိုင်ဖုန်းဟန်းဆက်များနှင့်အတူတွေ့ရှိသူအား အရေးယူ


**နေပြည်တော် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မင်းဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် နမ္မဒါဂေါက်ကွင်းအနီးအရောက် ခိုးမှုများ ကျူးလွန်လေ့ရှိကြောင်း သတင်းရရှိထားသူ အမှတ်(၂)ရပ်ကွက်နေ နေထက်ဝင်း(ခ)ဒီဂျေ(၁၇)နှစ်အား ရှာဖွေစစ်ဆေးရာ ဆင်းကတ်မပါသည့် လက်ကိုင်ဖုန်းဟန်းဆက်မျိုးစုံ လေးလုံး တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသောကြောင့် ၎င်းအား မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

Myanmar မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်မှကြီးမှူး၍
မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားကျွမ်းကျင်ပညာရှင်များအသင်း(MHPA)မှ ဦးဆောင်ကျင်းပသော
မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာ ဦးထွန်းလွင်မှဟောပြောမည့်
"၂၀၁၅ ဇူလိုင်လတွင်ဖြစ်ပွားခဲ့သော ရေကြီးခြင်း၏နောက်ခံအကြောင်းအရာများ"
The Underlying Causes of 2015-July Floods In Myanmar
ဟောပြောပွဲသို့ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။
ဟောပြောမည့်နေ့ - ၁၅-၈-၂၀၁၅ (စနေနေ့)
အချိန် - မွန်းလွဲ ၃း၀၀ မှ ၄း၀၀ အထိ
နေရာ - Central Hotel မင်္ဂလာခန်းမ (ဗိုလ်ချုပ်လမ်း၊ ဆူးလေ၊ရန်ကုန်)
Main Sponser By
Leone King Hotel & Restaurant Supplies Co.,Ltd


23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ကဏန်း၊ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆



ဆောင်းပါး

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

**ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)**



## ကျေးဇူးတင်မိသော်လည်း...

ဆူဒိုနင်

သည်စာကို နေပြည်တော်မှာ ရေးတာပါ။ နေပြည်တော်မှာရေးဆို သွားတုန်းကတော့ အလုပ်လုပ်ဖို့အတွက် နေပြည်တော်ကို သွားတာပါပဲ။ ဒါပေမယ့် တကယ်တမ်းရောက်တဲ့အချိန်ကျတော့မှ ဘာအလုပ်မှ လုပ်စရာမလိုဘဲ ငုတ်တုတ်ကြီး ထိုင်နေရတဲ့ဘဝကို ရောက်နေတာကိုး။

ဘယ်လောက်နိပ်သလဲဗျာ။ နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်ကြီးမှာ အခန်းတစ်ခန်းနဲ့နေပြီး အလုပ်မလုပ်ပေမယ့် နေ့တွက် လုပ်ခရော၊ အသုံးစရိတ်စို့စို့ပို့ပို့ပါရနေတဲ့ဘဝ၊ သိပ်ကို နိပ်လှတာပ။ ခတ်သိတွေကဆို ကျွန်တော့်ကို နာတောင် မနာလိုကြဘူး။ ကျွန်တော်က သည်လိုအဖြစ်တွေကို ပိုက်ဆံရတဲ့ နားရက်လို့ သတ်မှတ်ထားပါတယ်။

ကျေးဇူးတင်ရမှာက ဌာနဆိုင်ရာတွေကိုပါ။ နိုင်ငံခြားက ဧည့်သည်တွေကို အတည်ပေါက် ရက်ချိန်းတွေ ပေးပါတယ်။ ဟိုလူတွေက ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတာကို အားရလို့၊ ကူညီပေးချင်လို့၊ ကျွန်တော်တို့တွေ ကမ္ဘာကြီးနဲ့အဆက်ပြတ်၊ ခေတ်နောက်မှာ အဝေးကြီး ပြတ်ကျန်ရစ်တာကို မမြင်ရက်လို့၊ လက်တွဲခေါ်ချင်လို့ လာကြရှာတာ။

လာရတဲ့ ခရီးက မနီးသလို လာကြရတဲ့ စရိတ်စကကလည်း မသေးဘူး။ သည်မှာနေတဲ့ ထိုင်တဲ့စရိတ်ကလည်း နည်းမှတ်လို့၊ တခြားနေရာမှာသာသူများနိုင်ငံတွေနဲ့ မယှဉ်နိုင်ရှိရမယ်၊ နေစရိတ် စားစရိတ်ကြီးတဲ့ နေရာမှာတော့ အိမ်နီးချင်း ထိုင်းနိုင်ငံကတောင် လိုက်မမီချင်တော့တာ အားလုံးအသိပါ။

သည်ထဲကပဲ ကမ္ဘာ့အသိုင်းအဝိုင်းမှာ ဝင်ဆံ့စေချင်တဲ့ စေတနာနဲ့ နိုင်ငံပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံက ဝင်လာမစဲ တဖွဲဖွဲပါ။ ၂၀၁၀ က စပြီး မနားတမ်းလာနေကြတာ အခုချိန်ထိ မစဲပါဘူး။ တချို့တွေကတော့ ဘယ်လို မြင်တယ် မသိဘူး၊ ကျွန်တော့်အမြင်မှာတော့ အများစု လာနေတာဟာ တချို့ထင်သလို ဆရာကြီးလုပ်ဖို့၊ အခါပေးဖို့၊ သူတို့သဘောကျ ခြယ်လှယ်ဖို့ မဟုတ်ပါဘူး။ အထက်မှာရေးခဲ့တဲ့အတိုင်း လက်တွဲခေါ်ဖို့ပါ။

အခုဆို ကမ္ဘာကြီးက ရွာတစ်ရွာခေတ်ကို ရောက်နေပါပြီ။ ကမ္ဘာသူကမ္ဘာသား စိတ်ဓာတ်ပွားများခြင်းလို့ ဘာသာပြန်ရင် သင့်မလား မသိဘူး၊ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာကြီးက ဖြစ်နေပါပြီ။ ဆိုလိုတာက ဘယ်နိုင်ငံမှ အထီးတည်းရပ်တည်နေလို့ မရတော့ဘူး။ တစ်နိုင်ငံတည်းဆိုရင် အင်အား ချည့်နဲ့ကုန်ကြပြီ။ အားလုံးပေါင်းရုံးစုစည်း လုပ်ကိုင်ကုန်ကြပြီ။ အသိသာဆုံးက ဥရောပသမဂ္ဂနဲ့ အာဆီယံပဲ။ အာဖရိကနိုင်ငံတွေမှာလည်း အီခါဝ့်(စ်) (ECOWAS) လို အာဆီယံဆန်ဆန်အဖွဲ့တွေနဲ့ နိုင်ငံတွေ စုရုံးပေါင်းစည်း ဆောင်ရွက်နေကြပြီ။ တခြား အဲလိုစုစည်းထားတဲ့ အဖွဲ့တွေကလည်း ကမ္ဘာအရပ်ရပ်က နိုင်ငံများစွာမှာ ရှိနေကြပါပြီ။

ကျွန်တော်တို့တွေမှာက တံခါးပိတ်ဝါဒကို ဆယ်စုနှစ်ပေါင်း ငါးခုလောက်ကျင့်သုံးခဲ့တော့ အားလုံးက မျက်စိပိတ်နားပိတ်ဖြစ်နေခဲ့ပါတယ်။ ဒါကိုမြင်နေတဲ့ ကမ္ဘာ့နိုင်ငံပေါင်းစုံက အဖွဲ့အစည်းပေါင်းစုံဟာ ကျွန်တော်တို့ကို သူတို့နဲ့အတူ လိုက်ပါလာနိုင်အောင် ဘက်ပေါင်းစုံက ပံ့ပိုးရင်း လက်တွဲခေါ်နေကြတယ်လို့ မြင်မိပါတယ်။

ခက်တာက အဲသလို ကူညီပံ့ပိုးပေးဖို့ ရောက်လာတဲ့သူတွေကို ကောင်းပြီကောင်းရဲ့လုပ်ပြီး တကယ်ရောက်လာခါမှ အချိန်းအချက် ဖျက်ပစ်တာ၊ နေ့ရွှေ့ညရွှေ့လုပ်တာတွေက သည် ငါးနှစ်တာအတွင်း ကျွန်တော် တစ်ယောက်တည်းကြုံဖူးတာတောင်မှ မနည်းမနောပါ။ ဒါ့ကြောင့်လည်း ပိုက်ဆံရတဲ့နားရက်လို့တောင် ခေါ်တတ်နေတော့တာပေါ့။ ကျွန်တော်တင်မဟုတ်ဘူး၊ အများအပြားလည်း ကြုံဖူးကြပါတယ်။ အဖွဲ့အစည်းတွေလည်း တော်တော်စိတ်ပျက်လက်ပျက်ဖြစ်နေကြပါတယ်။

ဒါပေမယ့် ဘာမှမတတ်နိုင်ဘူး။ အစဉ်အလာကြီး တစ်ခုဖြစ်နေပါပြီ။ အရပ်စကားနဲ့ ပြောရင်တော့ အကျင့်ကြီးကို ပါနေပြီလို့ပဲပြောရတော့မှာပါ။

သေရေးရှင်ရေးလို၊ သဘာဝဘေးအန္တရာယ်လို၊ မတော်တဆထိခိုက်မှုလို မလွှဲမရှောင်သာတဲ့ အကြောင်းတစ်ခုခုကြောင့် လက်ခံမတွေ့နိုင်တော့ဘူးပဲ ပြောပြော၊ ရက်တွေ၊ အချိန်တွေ ရွှေ့ဆိုင်းတာပဲလုပ်လုပ်၊ ဆယ်ခါ့ရံ တစ်ခါလောက်ဆို ဒါတွေကို စကားလုပ် ပြောနေမိမှာလည်း မဟုတ်ပါဘူး။

ခုတော့ဗျာ- တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ကြုံခဲ့ရတာများ အကြိမ်ပေါင်းကို မရေမတွက်နိုင်တော့ဘူး။

အဲဒါ တစ်ဌာနတည်း မဟုတ်ဘူးနော်။ ဌာနစုံက လုပ်နေတာပါ။ ရာထူးတစ်ခု၊ အဆင့် တစ်ဆင့်တည်းကလည်း မဟုတ်ပါဘူး။ ရာထူးစုံ၊ အဆင့်စုံက လုပ်နေတာပါ။ မဏ္ဍိုင်တစ်ခုတည်းကလည်း မဟုတ်ဘူး ခင်ဗျ၊ မဏ္ဍိုင်စုံ၊ ကဏ္ဍစုံမှာ ဖြစ်နေတာပါ။ ဘယ်လို ပြောရမှန်းကို မသိတော့အောင်ပါပဲ။

ကြားထဲက ဘာမဆိုင် ညာမဆိုင် အခြောက်တိုက် မျက်နှာပူနေတာက မနေတတ်တဲ့ ကျွန်တော်တို့ပါ။ ကျွန်တော်ဆိုတာက ဘယ်အဖွဲ့အစည်းကိုမှလည်း ကိုယ်စား မပြုဘူး၊ ဘယ်နိုင်ငံနဲ့မှ လိုက်မယ်လို့လည်း မပြောဘူး။ ကျွန်တော်တို့က အလွတ်တမ်းပါ။ ဇာတ်သဘင်စကားနဲ့ ပြောရင်တော့ ချီကောက်ပေါ့။ ခေတ်ပေါ်တေးဂီတဝိုင်း အသုံးနဲ့ဆိုရင်တော့ ဆက်ရှင် ဖလေယာ (session player) ပေါ့ခင်ဗျာ။ အဲတော့ အဖွဲ့အစည်းပေါင်းစုံ၊ နိုင်ငံပေါင်းစုံက လူတွေနဲ့ ပတ်သက်နေရတယ်။ အဲဒီ့အခါ ကြုံရချက်ပေါင်းကလည်း စုံတကာ့ကို စေ့နေပါတော့တယ်။ အဲသလို ဌာနတွေဘက်က ကောင်းပြီ ကောင်းရဲ့လုပ်ပြီးမှ ဖျက်လိုက်လို့၊ ရွှေ့ဆိုင်းလိုက်လို့၊ ကျွန်တော့်မှာ ဘာမှ မနစ်နာတဲ့အပြင် အခြောက်တိုက်၊ အလုပ်မလုပ်ဘဲ ပိုက်ဆံထိုင်ရနေတာမို့ အဲဒီ့ဌာနတွေကို ကျေးဇူးတင်မယ်ဆို တင်နိုင်ပါသေးတယ်။

ဒါပေမယ့်ဗျာ- မျက်နှာပူတာ၊ ရှက်တာကတော့ ကျွန်တော့်အတွက် မဟုတ်ပါဘူး။ ပေးတဲ့သူကလည်း ကျေကျေနပ်နပ်ပေးပါတယ်။ ကျွန်တော်ကလည်း သူတို့အတွက် ကျွန်တော့် အချိန်တွေကို သတ်သတ် ဖယ်ပေးထားရတာမို့ အလုပ်လုပ်ရတာ မလုပ်ရတာထက် ကျွန်တော့်နေ့တွက်ကို လိပ်ပြာသန့်သန့်နဲ့ ယူနိုင်ပါတယ်။ ကျွန်တော် ရှက်တာ၊ မျက်နှာပူတာက ကျွန်တော်တို့ ဌာနတွေအပေါ် အမြင်စောင်းစောင်းသွားကြတဲ့ အတွက်ပါပဲ။

ငါးနှစ်တာအတွင်းမှာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ခဲ့ရာမှာ တိုးတက်မှုတွေကို အသိအမှတ်မပြုလို့ အခုလို ပြောလိုက်တာ မဟုတ်ပါဘူး။ ငါးနှစ်ကျော်အထက်ကာရီ ကာလတုန်းက နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသား တစ်ဦးနဲ့ စကားလက်ဆုံကျဖို့ နေနေသာသာ ပြုံးပြ နှုတ်ဆက်မိရင်တောင် အခက်ပွေ့နိုင်ခဲ့ပါတယ်။ အခုကျတော့ နိုင်ငံခြားသားတွေနဲ့ ဖက်လှဲတကင်း တရင်းတနှီး ပြောဆိုဆက်ဆံလာနိုင်ကြပြီဖြစ်သလို နိုင်ငံခြားသားတွေ ကမကထလုပ်ပေး၊ ပို့ချပေးတဲ့ သင်တန်းအထွေထွေမှာ ပြောနိုင် ဆိုနိုင်နေကြ၊ ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်နေကြတာတွေကို မြင်နေတွေ့နေရတာ အားရစရာကြီးပါ။ ဒါဟာ တကယ့်သိသာတဲ့ တိုးတက်ပြောင်းလဲမှုတစ်ခုမို့ အသိအမှတ်မပြုဘဲ မနေနိုင်ပါဘူး။


ဒါပေမယ့် အတည်ပေါက်ကြီးတွေ လျှောက်ချိန်းပြီး ရောက်မှ ဖျက်တာ၊ ရွှေ့တာ၊ တစ်ခါတလေများဆို သေချာချိန်းဆိုပြီး နာရီပိုင်းအလိုမှ ကပ်ဖျက်၊ ကပ်ရွှေ့တာ၊ လက်ခံတွေ့ဆုံမယ့် အချိန်ကလေးရဖို့အရေး အကြိမ်ပေါင်းများစွာ မေးမြန်းညှိနှိုင်းနေရတာများဟာ ကျွန်တော်တို့တွေ စနစ်မကျမှန်း၊ ဒါမှမဟုတ် ဘာစနစ်မှ တိတိပပ မရှိမှန်း ဖော်ပြသလို ဖြစ်နေတာကြီးကတော့ နည်းနည်းလေးမှ မနိပ်ဘူးလို့ ထင်မိပါတယ်။

ကိုယ်ချင်းစာစိတ် မရှိကြဘူးလိုလည်း ခံစားရတယ်။ ကိုယ်က တခြားတစ်နိုင်ငံငံက တာဝန်ရှိသူတွေဆီကို ချိန်းချက်ပြီး တကူးတကသွား၊ လေယာဉ်ခတွေ၊ နေစရိတ် စားစရိတ်တွေ အကုန်ခံ။ ဟိုရောက်တော့မှ ကိုယ်နဲ့ တွေ့ဖို့ ချိန်းထားတဲ့သူက ဟိုအကြောင်းပြ၊ သည်အကြောင်းပြနဲ့ ကိုယ်နဲ့တွေ့ဖို့ ချိန်းထားတာကို အလီလီ ရွှေ့ဆိုင်းတာ၊ ဖျက်ပစ်တာတွေလုပ်ရင် ကိုယ်ခံနိုင်မလား။ ကျေနပ်နိုင်မလား။ လူလူချင်း လေးစားတယ်ဆိုတာ အဲသလောက် အခြေခံလေးပါဗျာ။ ကိုယ့်ကို လုပ်လာရင် ကိုယ်မကြိုက်မယ့် အမှုကို ကိုယ်တိုင် မပြုမိအောင် ရှောင်တာပဲပေါ့။

နိုင်ငံတကာမှာတော့ အချိန်းအချက်ဆိုတာကို အနည်းဆုံးတစ်လ၊ အရေးကြီးရင် နှစ်နဲ့တောင် ချီကာကြိုတင်အကွက်ချပြီး စနစ်တကျ လုပ်ရိုးရှိပါတယ်ခင်ဗျ။ နေ့စဉ်မှတ်တမ်းဆိုတာ အဲတာတွေကို တိတိပပ လုပ်ဖို့ ထုတ်ထားတာပါ။ ချိန်းပြီးရင် စိတ်ကူးပေါက်သလို ဖျက်တဲ့၊ ရွှေ့တဲ့ အထုံဓလေ့လည်း မရှိသလောက် ပါးရှားလှကြောင်းကို ပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။

> နိုင်ငံတကာမှာတော့ အချိန်းအချက်ဆိုတာကို အနည်းဆုံးတစ်လ၊ အရေးကြီးရင် နှစ်နဲ့တောင် ချီကာကြိုတင်အကွက်ချပြီး စနစ်တကျ လုပ်ရိုးရှိပါ တယ်ခင်ဗျ။ နေ့စဉ်မှတ်တမ်းဆိုတာ အဲတာတွေကို တိတိပပ လုပ်ဖို့ ထုတ်ထားတာပါ။ ချိန်းပြီးရင် စိတ်ကူးပေါက်သလို ဖျက်တဲ့၊ ရွှေ့တဲ့ အထုံဓလေ့လည်း မရှိသလောက် ပါးရှားလှကြောင်းကို ပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။


ဝန်ထမ်းအလိုရှိသည်
၁. အဆောင်မှူး + Guide (ကျား)
၂. အလုပ်သင် Guide (ကျား+မ)
၃. ကျွမ်းကျင် Guide (အထက်တန်း ညပိုင်း)
ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၊
၃၈/၄၀ သီရိဂုဏ်အိမ်ရာ၊ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း။
Ph: 01-562830, 09-73004720, 09-31233275, 09-259258407


မီးခိုးရောင်ကိုယ်တွေများ
ဒေါက်တာစန်းမြိုင်
ချစ်ဦးညို၏အမှာစာနှင့်အတူ
ထွက်ပြီ
ဖြန့်ချိရေး - ကြယ်ပွင့်စာပေ၊ ကိုနိုင်းနိုင်း - ၀၉-၇၉၅၆၃၂၂၃

ကောင်းလိုက်တဲ့ အတွေး လှလိုက်တဲ့ အရေး
Essays for High-Flyers
ဆရာချမ်းဇော်ထက် ထွက်ပြီ
မြန်မာ့ပထမဆုံး native speaker အသံသွင်း CD ပါ
နိုင်ငံတကာအဆင့်မီ အက်ဆေးပေါင်းချုပ်
ဆိုင်များမှာ မေးဝယ်ပါ | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)


ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ(ခွဲ)၊အလက(၆)၊ ဒသမတန်း($B_1$)မှ မဘောက်လုဂျာ၏ ဖခင်အမည်မှန်မှာ ဦးဆနာတူးဖန်ဖြစ်ပါသည်။

# ယင်းမာပင်မြို့နယ်အတွင်း နွေစပါးများ အထွက်နှုန်းကောင်း၍ ဈေးကောင်းရ

**မုံရွာ ဩဂုတ် ၁၄**

(၉၉)ကန် ဆည်ရေသောက်၊ တောင်သူပိုင်ရေလျှံတွင်း စနစ်တို့ဖြင့်စိုက်ပျိုးခဲ့သော ယင်းမာပင်မြို့နယ်အတွင်းရှိ နွေစပါးများသည် ယခုအခါတွင် ရင့်မှည့်ပြီဖြစ်သဖြင့် ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းပြီး စပါးဈေးကောင်းရ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်အတွင်း နှစ်စဉ်နွေစပါးရိတ်သိမ်းချိန်တွင် မိုးနည်းပါးခဲ့ပြီး ယခုနှစ်တွင် မိုးရွာသွန်းမှုများခဲ့သော်လည်း ပျက်စီးမှုနည်းပါးခဲ့၍ အထွက်နှုန်းကောင်းခဲ့ပြီး ရိတ်သိမ်းစပါးများကို လယ်ကွက်များအနီးတွင် ရိတ်ခြွေစနစ်ဖြင့် ခြွေလှေ့လျက်ရှိသည်။

"နွေစပါးကို ယင်းမာပင်မြို့နယ်အတွင်းမှာ တောင်ပိုင်းနဲ့ မြောက်ပိုင်း နှစ်ပိုင်းမှာ တောင်ပိုင်းမှာက ရေရရှိမှုပိုကောင်းတဲ့အတွက် အစိုက်များတယ်။ သွင်းအားစုသွင်းနိုင်သလောက် နွေစပါးကအထွက်နှုန်းလည်း ပိုကောင်းတယ်။ မူရင်းစပါးကိုစိုက်ကြတယ်။ မနှစ်ကစပါးဈေးနှုန်းက တစ်တင်းကို ကျပ် ၃၈၀၀၊ အခုနှစ်မှာ ကျပ် ၄၀၀၀ ဈေးပေါက်တယ်။ အခုအထွက်နှုန်းက တစ်ဧကကို ပျမ်းမျှတင်း ၁၀၀ ဝန်းကျင်ထွက်တယ်။ နွေစပါးက အဖျားကိုရိတ်ပြီး လယ်ကွက်ဘေးမှာပဲ ခြွေလှေ့စက်နဲ့ တစ်ခါတည်းခြွေလှေ့တယ်။ ရိတ်ခအတွက် အလုပ်သမားတစ်ဦးကို တစ်ရက်ကို စပါးတစ်တင်းပေးရတယ်။ ခြွေလှေ့ခအနေနဲ့လည်း စပါးတင်း ၂၀ ကိုတစ်တင်း နှုန်းပေးရတယ်။ ဒီဒေသမှာက နှမ်းတစ်မျိုးပဲ လုပ်အားခကို ငွေပေးရတယ်။ ကျန်တဲ့သီးနှံအားလုံးကို သီးနှံတွေနဲ့ပဲ လုပ်အားခရှင်းရတယ်။

နွေစပါးက အစိမ်းရိတ် (မောင်းညှိ) ပြီး စက်နဲ့တစ်ခါတည်း ခြွေလှေ့ရတယ်။ ပြီးမှစပါးကို အခြောက်ပြန်လှန်းရတယ်။ နွေစပါးကိုရိတ်ပြီးတာနဲ့ မိုးစပါးအတွက် ချက်ချင်းထွန်ယက်ပြီး ပြန်စိုက်ကြတယ်။ ဒီမှာကနွေစပါး၊ မိုးစပါးစိုက်တာက တခြားဒေသတွေနဲ့ နောက်ကျတယ်။ လုပ်သားကလည်း ဟိုတုန်းကလို ပေါပေါများများမရှိဘူး။ ရှားလာတဲ့အတွက် အပြိုင်ခေါ်နေရတော့ ဈေးနှုန်းကလည်းတက်လာတယ်။ ကျွန်တော်လည်း အခုနှစ်မှာ နွေစပါးကိုးဧကစိုက်တဲ့အတွက် စပါးကောင်းကောင်းရပါတယ်" ဟု ငါးမောင်း ကျေးရွာမှ တောင်သူကိုကျော်မိုးက ပြောသည်။

ယင်းမာပင်မြို့နယ် အတွင်းရှိ တောင်ဘက်ခြမ်းကျေးရွာများတွင် (၉၉) ကန်ဆည်ရေသောက် တောင်သူပိုင် ရေလျှံတွင်းများဖြင့် နှစ်စဉ်နွေစပါးများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင်လည်း စပါးအထွက်နှုန်းကောင်းပြီး စပါးဈေးနှုန်း ပိုရကြ၍ မိသားစုဝင်ငွေများလည်း ပိုမိုရရှိခဲ့ကြကြောင်း သိရသည်။



**ဖိုးချမ်း(မုံရွာ)**

# စည်ပင်ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့

**ငဖဲ ဩဂုတ် ၁၄**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မိမိဝန်ထမ်းသားသမီးများ ကောင်းမွန်စွာပညာသင်ကြားနိုင်ရန် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နှစ်စဉ်ထောက်ပံ့မြဲဖြစ်သော ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ကို ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ အထက်တန်းအဆင့် ပညာသင်ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၈၀၀၀၊ အလယ်တန်းအဆင့် ပညာသင်ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၆၀၀၀၊ မူလတန်းအဆင့်ကျောင်းသားတစ်ဦးလျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ကျောင်းသား ကျောင်းသူကိုးဦးကို အသီးသီးထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

"ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးက နိုင်ငံတော်ကလည်း ပညာသင်စရိတ်တွေ အကုန်ကျသက်သာအောင် အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ဌာနတွေကလည်း တတ်စွမ်းသလောက် ကိုယ့်ဝန်ထမ်းမိသားစုတွေ အဆင်ပြေအောင် ကြိုးစားဆောင်ရွက်ပေးပါတယ်။ ကလေးငယ်တွေရင်ထဲမှာလည်း တို့မိသားစုတွေက အရေးအကြောင်းဆို ကူညီသူတွေရှိတယ်လို့ သိထားရင် စာသင်ကြားတဲ့နေရာမှာ စိတ်အနှောင့်အယှက်ကင်းကင်းနဲ့ သူတို့ကျောင်းပညာသင်ကြားနိုင်မယ်။ ရည်ရွယ်ချက်ကတော့ စည်ပင်သာယာရေးအဖွဲ့စည်းစည်းလုံးလုံးနဲ့ ဝန်ထမ်းတွေ ပူးပေါင်းဆောင်ရွက်ကျတော့ လုပ်ငန်းတွေ အခက်အခဲနည်းစွာနဲ့ အောင်မြင်ပြီးဆုံးမှာပါ" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို နှစ်စဉ်ပေးအပ်ရာတွင် တစ်နှစ်ထက်တစ်နှစ် တိုး၍ပေးသွားနိုင်ရန် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ပိုင်ဇေ(မကွေး)**

# ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် အနုပညာရှင်များ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အခမဲ့ကြည့်ရှုနိုင်

**ပြင်ဦးလွင် ဩဂုတ် ၁၄**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ရေဘေးသင့်ခြင်းခံခဲ့ရသည့် ပြည်သူများအတွက် ပြင်ဦးလွင်မြို့ ပန်းမြို့တော် ရေဘေးကယ်ဆယ်ရေးကော်မတီမှ ဦးဆောင်ကာ ပြင်ဦးလွင် ခရိုင်အားကစားကွင်း၌ ဩဂုတ် ၁၅ ရက်တွင် မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် ဖိတ်ခေါ်အနုပညာရှင်များ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်မည့် ရန်ပုံငွေစုပေါင်းလှူဒါန်းပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရန် ကျင်းပမည့် အနုပညာရှင်များနှင့် လက်ရွေးစင်ဟောင်းများ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲမကျင်းပမီ ဒါရိုက်တာ ကျော်ဇောလင်း၊ အောင်ဇော်၊ စောဖိုးခွား၊ ထွန်းထွန်း (Example)၊ ဟက်ကက်၊ စူးရှ၊ ကိုပေါက်၊ ဇော်ဇော်အောင်၊ အောင်ခိုင်၊ ဝါဝါအောင်၊ မိုးပြည့်ပြည့်မောင်၊ စုမြတ်နိုးဦး၊ ယွန်းရွှေရည်နှင့် အနုပညာရှင်များစွာက တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေမည့်အပြင် ဟာသလူရွှင်တော်အဖွဲ့များဖြစ်သော ဖိုက်စတားအဖွဲ့နှင့် ဟားငါးကောင်အဖွဲ့တို့မှ မွန်းလွဲ ၁ နာရီမှစတင်ကာ ဖျော်ဖြေသွားမည်ဖြစ်သည်။

ပြင်ဦးလွင်ခရိုင်အားကစားကွင်းတွင် ကျင်းပမည့် မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သည့် ဦးဇော်မြင့်၊ ဦးအောင်ကျော်ထူး (ဂိုး)၊ အနုပညာရှင်များပါဝင်သည့်အသင်းနှင့် ပြင်ဦးလွင်မြို့နယ်ရှိ ဌာနဆိုင်ရာအကြီးအကဲများ ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲနှင့် ဧည့်ခံဖျော်ဖြေမည့်အစီအစဉ်များကို မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်သည်။

"ဒီရန်ပုံငွေပွဲဖြစ်အောင်ကတော့ ခရိုင်အုပ်ချုပ်ရေးမှူးက ဦးဆောင်လမ်းညွှန်တာပါ။ ပွဲကိုလည်း အခမဲ့လုပ်တာပါ။ ပွဲတက်တဲ့လူတွေဆီကမှ အလှူခံသွားမှာပါ။ ရတဲ့ရန်ပုံငွေကိုလည်း ကော်မတီရဲ့ဆုံးဖြတ်ချက်နဲ့ နေရာအနှံ့က ရေဘေးသင့်ပြည်သူတွေလက်ထဲ အရောက်လှူဒါန်းသွားမှာပါ"ဟု ပန်းမြို့တော် ရေဘေးကယ်ဆယ်ရေးကော်မတီမှ ဦးကျော်စိုးလင်းက ပြောသည်။

ပန်းမြို့တော် ရေဘေးကယ်ဆယ်ရေးကော်မတီသို့ လှူဒါန်းလိုပါက ဖုန်း ၀၉၇၈၄၀၄၆၃၉၉၊ ၀၉၇၈၄၀၄၆၄၀၀ နှင့် ကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

infodias computer center
လက်ရာများလေ့လာနိုင်ရန်
www.infodias.com
0973219090,526125
Professional Web design onjob TRAINING
Sat , Sun Day Class PHP&MySQL project TRAINING
CMS Website WordPress pratical TRAINING
သင်တန်းကြေးအရစ်ကျစနစ်ဖြင့်။တိုက်၅အခန်း၁၉လှိုင်ရတနာအိမ်ရာ၊ကုန်အင်စိန်လမ်းမကြီး၊သံလမ်းမှတ်တိုင်။MICTDC အနီး

တရုတ်
ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

အိမ်အမြန်ရောင်းမည် ပွဲစားလို့သည်
(၁) တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းမွန်မြတ်မေတ္တာအိမ်ရာဘေး (၇၀ပေ × ၁၀၀ပေ) နှစ်(၆၀)ဂရန်မြေ၊ 2RCတိုက်ကြီး၊ရေ၊ မီး၊ ဖုန်း၊ ပါဝါမီတာ၊ 25KVAမီးစက်၊ MBR(၅)ခန်း၊ ပါကေးခင်း၊ ကြွေပြားကပ်၊ အဲကွန်းတပ်၊ ပြင်ဆင်ပြီး၊ ကား(၆)စီးဆံ့ကားဂိုဒေါင်ပါ၊ (၃၀ပေ × ၁၀၀ပေ)မြေပိုပါ ဆိုဈေး သိန်း(၂၆၀၀၀)
(၂) တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းမ အနီးအဆင့်မြင့်အိမ်ရာ ဝင်းကြီးထဲတွင်ပေ(၁၀၀) ပတ်လည်၊ နှစ်(၆၀)ဂရန်မြေပေါ်တွင်(၃၅ပေ×၇၀ပေ)၊ အိပ်ခန်း(၈)ခန်းပါRC နှစ်ထပ်တိုက်သစ်ကြီး(၁)လုံး၊(၂၅ပေ×၈၀ပေ) သုံးထပ်တိုက်သစ်ကြီး(၁)လုံး၊ ခေတ်မီအဆင့်မြင့်ရေကူးကန်၊ ရေ၊ မီး၊ ဖုန်း၊ ပါဝါမီတာ၊ 25KVA မီးစက်၊ဂျိုးဖြူရေအဝီစိတွင်းရေ၊ (၂၄)နာရီလုံခြုံရေး၊ ပတ်ဝန်းကျင်အလွန်သန့်သောနေရာတွင်တည်ရှိသော ခေတ်မီတိုက်သစ်နှစ်လုံး သိန်း၁၈၀၀၀ ဖြင့်အမြန်ရောင်းမည်။
၀၉–၃၀၆၆၆၆၁၃၊ ၀၉–၅၃၇၂၃၇၀၊ ၀၉–၃၆၄၄၉၃၆၃
၀၉–၂၆၁၄၄၇၀၂၉၊ ၀၉–၂၅၄၃၃၁၆၄၇၊ ၀၉–၃၁၆၅၆၇၅၄

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

V.I.P 09 73130346
09 423720047
Aug 24

ရွှေပုပ္ပါးအဆင့်မြင့်ခရီးသွားလုပ်ငန်း
ရွှေတောင်ပြုံး(ပွဲတော်)
မန္တလေး-ပြင်ဦးလွင် ၂ ညအိပ် ၃ရက်ခရီး
တည်းစရိတ်ငြိမ်း ၄၅၀၀၀ကျပ်
ဖုန်း ၀၉-၄၂၀၂၁၀၈၁၊ ၀၉- ၄၂၅၀၁၇၀၈၉၊
၀၉-၇၃၀၂၈၅၉၇၊ ၀၉-၂၅၀၄၄၉၈၂၉
၂၄-၈-၂၀၁၅ရက်တွင် ထွက်ပါမည်။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ပုံကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဟိုက်ခြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257

# သာစည်မြို့ ညောင်ရမ်း-မင်းလှကန်အတွင်း ရေမရှိ၍ မိုးစပါးစိုက်ပျိုးရန် အခက်တွေ့

**သာစည် ဩဂုတ် ၁၄**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသော်လည်း မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ညောင်ရမ်း-မင်းလှကန်အတွင်း ရေဝင်ရောက်မှုမရှိသေးကြောင်း သိရသည်။

"ညောင်ရမ်း-မင်းလှကန်ဟာ သာစည်မြို့နယ်ရဲ့ သောက်သုံးရေနှင့်စိုက်ပျိုးရေကို အဓိကအားကိုးအားထားပြုရတဲ့ ရေကန်ကြီးဖြစ်ပါတယ်။ မိုးရွာပေမယ့် ရွာသွန်းမှုနည်းတော့ ကန်ထဲရေမဝင်ပါဘူး။ ကန်ထဲရေမရှိတော့ ကန်ရေသောက်လယ်မြေတွေမှာ မိုးစပါးစိုက်ပျိုးရန် အခက်တွေ့နေရပါတယ်။ အခုအချိန်က မိုးစပါးအတွက် ပျိုးထောင်ရမယ့်အချိန်ရောက်ပြီဖြစ်တဲ့အတွက် မိုးရေကို ခက်ခဲစွာစုဆောင်းပြီးပျိုးထောင်နေကြရပါတယ်။ နောက်ထပ်ရွာမယ့်မိုးကိုမျှော်ပြီး စပါးပျိုးထောင်ကြတာပါ။ မိုးစပါးစိုက်လို့ရအောင် လယ်ကွက်ထဲမိုးရေမရရင် မျိုးစပါးဆုံးရှုံးနိုင်ပြီး လယ်ကွက်ထဲမိုးရေရရင်တော့ ပျိုးထောင်ထားတဲ့သူတွေ အဆင်ပြေမှာဖြစ်ပါတယ်။ ကံကိုယုံပြီး မိုးစပါးအတွက် ပျိုးထောင်ရာမှာ မျိုးစပါးတစ်တင်းကိုကျပ် ၁၀၀၀၀ နှုန်းပေးပြီး တစ်ဧကကို မျိုးစပါး သုံးတင်းနှုန်းပျိုးထောင်ရပါတယ်"ဟု သာစည်မြို့နယ်မှ လယ်သမားတစ်ဦးက ပြောသည်။

ညောင်ရမ်း-မင်းလှကန်အတွင်း သဲနုန်းများကြောင့် ကန်တိမ်ကောလျက်ရှိပြီး နှစ်စဉ်ရေခန်းခြောက်နေခြင်းကြောင့် ညောင်ရမ်း-မင်းလှကန်အတွင်းရှိ သဲနုန်းများဆယ်ယူခြင်းကို ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

နောက်ပိုင်း မိုးရွာသော်လည်း ညောင်ရမ်း-မင်းလှကန်အတွင်း ရေဝင်ရောက်မှုမရှိပါက သာစည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရန် အခက်အခဲတွေ့နိုင်ကြောင်း ဒေသခံများက စိုးရိမ်စွာနေကြသည်။

**မျိုးမင်း(သာစည်)**



တိုက်ကြီးမြို့နယ်အတွင်း ဒေသခံတောင်သူများ၏ စိုက်ပျိုးထားသော ရေကြီးနစ်မြုပ်သွားသည့် လယ်မြေများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ထွန်စက်ကြီးများဖြင့် စက်မှုလယ်ယာရုံး၌ ဩဂုတ် ၁၃ ရက်တွင် သွားရောက်ထွန်ယက်ရန် အသင့်ဖြစ်နေကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - သာညွန့်(တိုက်ကြီး)

# မြစ်ရေဝင်ခဲ့သော စာသင်ကျောင်းများအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်သာ ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် ရေများပြန်လည်ကျဆင်းသွားခြင်းကြောင့် ရေများဝင်ရောက်ခဲ့သော စာသင်ကျောင်းများအား ဒေသခံများနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုတို့ဖြင့် စုပေါင်းသန့် ရှင်းဆောင်ရွက်ခဲ့သည်။

ဧရာဝတီမြစ် ရေကြီးရေလျှံမှုကြောင့် ဩဂုတ် ၁ ရက်မှစ၍ ကျေးရွာအချို့သို့ ရေများ ဝင်ရောက်ခဲ့ပြီး စာသင်ကျောင်းများမှာ မြစ်ရေများဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ်ရှိ ရွာလေးကုန်းမူလတန်းကျောင်း၊ ငါးပင်စင်မူလတန်းကျောင်း၊ သာပေါင်းကြီးမူလတန်းကျောင်း၊ အောင်ဇမ္ဗူမူလတန်းကျောင်း၊ ရွာသာအေးမူလတန်းကျောင်း၊ သာယာအေးအလကခွဲ၊ ကျွန်းကြီး(မ)အလကခွဲ၊ ရဘဲအလကခွဲ၊ ဆင်မင်းအလကခွဲတို့မှာ ရေများဝင်ရောက်၍ ခေတ္တကျောင်းပိတ်ထားခဲ့ရသည်။

ယခု ရေများကျဆင်းသွားပြီဖြစ်၍ ကျောင်းများအား အမြန်ပြန်လည်ဖွင့်လှစ် ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရွာခွဲတာဝန်ခံများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အနီးပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ ရပ်/ကျေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဝင်းများအတွင်းအပြင် သန့်ရှင်းရေးများပြုလုပ်ပေးခဲ့သည်။

စာသင်ခန်းများအတွင်း တင်ကျန်နေသော ရွှံ့ညွန်များဖယ်ရှားဆေးကြောပေးခြင်းနှင့် စာသင်ခုံများအား စနစ်တကျနေရာချပေးခြင်းများကို အဆိုပါအဖွဲ့များမှ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်နှင့် ငွေများလှူဒါန်း


**ကလေး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်းတန်ဘိုးငွေကျပ် ၅၈ သိန်း ငါးသောင်းရှိ ဆန်အိတ် ၁၃၀ အိတ်ကို သမဝါယမဝန်ကြီးဌာနနှင့် တစ်နိုင်ငံလုံးရှိ သမဝါယမမိသားစုတို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေဘေးပြန်လည်ထူထောင်ရေး ကွပ်ကဲမှုရုံးသို့ ဩဂုတ် ၁၃ ရက်က လာရောက်လှူဒါန်းကြကြောင်း သိရသည်။

အဆိုပါဆန်အိတ်ကို သမဝါယမဝန်ကြီးဌာနကိုယ်စား တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က ပေးအပ်ကာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသရေဘေးပြန်လည် ထူထောင်ရေး ကွပ်ကဲမှုရုံးမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။


ထို့နောက် တိုင်းဒေသကြီးကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးအောင်မောင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး မိသားစု၊ ဆရာတော်ဦးလက္ခဏနှင့် စေတနာဦးဘော်ဒါ မိသားစုတို့ကလည်း ကလေးဒေသရေဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြကြောင်းသိရသည်။

**(ဂျူးနက်)**






အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

သက်ခိုင် ထမ်းယူလာခဲ့သော တောင်းသည် မြေ၌ စောင်းလဲနေ၏။ တောင်းတွင်းမှ အဆို့ဆို့ထားသော ငံပြာရည်ပုလင်းကလည်း ထွက်ကျနေ၏။ သက်ခိုင်သည်ငံပြာရည်ပုလင်းကို ကောက်ယူလိုက်ပြီး ခွေးသားအုပ်မထံ ကပ်သွားသည်။ ခွေးသား အုပ်မသည် တစ်ချက်သာ ပြန်မာန်ဖီပြီး အန်တုဖက်ပြိုင်ခြင်းကို စွန့်ကာ ထွက်ပြေးလေရာ ခွေးငယ်လေးများပါ နောက်မှ လိုက်ပြေးကြ၏။

အိမ်ပေါ်မှ ရင်ရှားနှင့် မိန်းမတစ်ဦး ပြေးဆင်းလာ၏။

"ဟဲ့. . . သက်ခိုင်၊ အမယ်လေး. . . နင်ကိုး၊ ဟင်. . . မလေးနွယ်ပါကောလား၊ ဘယ်သူ့ကို ကိုက်မိသွားသေးလဲ"

"မကိုက်မိပါဘူး၊ ခင်ဗျား ခွေးသားအုပ်မက တော်တော်ဆိုးတယ်"

"ငါ့ခွေးသားအုပ်မ မဟုတ်ပါဘူးတော်၊ လူတောင်အနိုင်နိုင်၊ ခွေးမမွေးနိုင်ပါဘူး၊ အလကား ခွေးဝဲစားမ"

သက်ခိုင်က ဘာမှ ဆက်မပြောတော့ဘဲ မြေ၌လဲနေသော သူ့တောင်းလေးကို ပြန်ထောင်သည်။ ကံအားလျော်စွာ တောင်းတွင်းပါပစ္စည်းများ အပျက်အစီးမရှိ၊ ဆန်အချို့အဝက်သာမြေပြင်ပေါ်ဖိတ်စဉ်ကျလျက်ရှိသည်။

သက်ခိုင်ကမြေပေါ်မှ ပစ္စည်းများကို တောင်းတွင်းသို့ ပြန်ကောက်ထည့်နေ၏။ ထိုအခါကျမှ အကြောက်ဖော အပြေသွားသော မလေးနွယ်သည် သက်ခိုင်၏ လက်ကို လှမ်းကြည့်ပြီး ထိတ်လန့်တကြား အော်သည်။'

"သွေးတွေ. . . မောင်လေး လက်မှာ သွေးတွေ"

သက်ခိုင်သည် သူ့လက်ကို သူငုံ့ကြည့်၊ စုံစမ်းသည်။

ခွေးစွယ်နှင့် ခြစ်မိရုံသာ ခြစ်မိသွားဟန်တူသော လက်ကောက်ဝတ် အပြင်ပိုင်း၌ အရေစုတ်၍ သွေးဥရုံဥနေသည်။ အတွင်းပိုင်း၌ကား နက်သောခွေးစွယ်ဒဏ်ရှိနေကာ သွေးတို့ ထွက်ယိုစီးကျနေ၏။

သက်ခိုင်သည် ဒဏ်ရာကို ကြည့်နေရာမှ မျက်လုံးများကို လှန်၍ မလေးနွယ်အားကြည့်သည်။

မလေးနွယ်၏ မျက်နှာလေးမှာ သွေးဆုပ်ဖြူရော်နေသည်။ ဆတ်ဆတ်တုန်နေသော လက်ကလေးနှစ်ဖက်ကို လက်သီးများဆုပ်၍ ရင်၌ အပ်ထားရင်း မျက်လုံးလေးများကလည်း ပြူးနေ၏။ အသံတုန်တုန်နှင့်မူ ဆိုရှာ၏။

"ဘယ့်နှယ်လုပ်မလဲ. . . ဆေးရုံသွားကြမလား"

"ဟာ. . . မမနွယ်ကလည်း. . ခွေးကိုက်ခံရရုံကလေးနဲ့ ဆေးရုံသွားရမလား၊ လာ လာ. . . မောင့်လက်ကို ရေလောင်းပေး"

သက်ခိုင်သည် အိမ်ဘေးရှိ ရေအိုးဆီသို့ မလေးနွယ်ကို ခေါ်သွားပြီး သူ့ဒဏ်ရာပေါ် ရေလောင်းပေးစေ၏။ ရေလောင်းပေးနေစဉ်တုန်း၌မူ သွေးရောင်ပျောက်သွား၏။ ရပ်လိုက်သောအခါတွင် သွေးများထွက်မြဲထွက်နေ ပြန်သည်။

သက်ခိုင်က ဒဏ်ရာကို လက်နှင့် ညှစ်ပစ်သောအခါ မလေးနွယ်သည် သူ့အစား နာကျင်ဟန် မျက်နှာလေးရှုံ့မဲ့ပြီး ကန့်ကွက်သည်။

"ဘာလို့ ညှစ်နေရတာလဲ၊ ပိုနာမှာပေါ့"

"မမနွယ်က ဘာသိလို့လဲ၊ အဆိပ်ကုန်အောင် ညှစ်ပစ်နေတာ၊ ကဲပါ. . . ရေလောင်းပေးပါဦး"

မလေးနွယ်သည် မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် ရေလောင်းပေးရသည်။ ရေလောင်းပေးရင်းလည်း တိုက်တွန်းသည်။

"ဆေးရုံ သွားရအောင်ဆို မောင်ကလည်းပဲ. . "

"အို. . . မသွားချင်ပေါင်ဆို. . . မမနွယ်ကလည်းပဲ. . . ပြီးတော့မောင့်မှာ တခြား သွားစရာ ရှိသေးတယ်"

"ဘယ်သွားဦးမလို့လဲ"

"အို: . . . ဘယ်သွားသွားပေါ့"

သက်ခိုင်၏ ခပ်မာမာ ဖြေသံကြောင့် မလေးနွယ်သည် စိတ်ဆိုးမယောင် ဖြစ်သွားသည်။ သို့ရာတွင် မိမိကိုယ်စား သက်ခိုင်ကဝင်၍ ခွေးအကိုက်ခံရသည်ကို ချက်ချင်းသတိရမိပြီး မျက်နှာလေးကို ချိုသာအောင် ပြုံးလိုက်လျက် ချော့ချော့မော့မော့ ဆိုသည်။

"မောင်ကလည်း . . . မမနွယ်က စိုးရိမ်လို့ ပြောတာပါ၊ တကတဲ. . ဒေါသကြီးပဲ ဟင်း. . ဟော . . နေဦး. . မမနွယ်သတိရပြီ"

မလေးနွယ်သည် ရေခွက်ကိုချထားလိုက်ပြီး သက်ခိုင်အနားတွင် ဒူးထောက်ထိုင်လိုက်၏။

"မောင်လေး. . လက်သီးဆုပ်ထားလိုက်စမ်း၊ ဆုပ်ထားလိုက်စမ်း"

"ဘာဖြစ်လို့ လက်သီး ဆုပ်ထားရမှာလဲ"

"ဩော်. . ဆုပ်ထားပါလို့ ပြောနေမှပဲ၊ မောင်ကလည်း. . ."

မလေးနွယ်က တည်တည်လေးပြောသောကြောင့် သက်ခိုင်သည် ဒဏ်ရာရရှိသော လက်မှ လက်သီးကို ဆုပ်လိုက်၏။ မျက်မှောင်ကိုမူ ကြုတ်ထားလိုက်သည်။

မလေးနွယ်က သက်ခိုင်မျက်မှောင်ကြုတ်ထားသည်ကို ဂရုမစိုက်ဘဲ ဂါဝန်အင်္ကျီ အိတ်အတွင်းမှ လက်ကိုင်ပဝါလေးကို ထုတ်ယူပြီး သက်ခိုင်၏ လက်ဖျံတွင် ဒဏ်ရာအောက်အနည်းငယ်ခွာပြီး ရစ်ပတ်စည်းပေး၏။ စည်းချည်မိသော်လည်း အပတ်ကမတင်းသောအခါ မလေးနွယ်သည် လက်ကိုင်ပဝါ အစွန်းတစ်စကို လက်ဖြင့်ဆွဲပြီး အခြားအစွန်းတစ်စကို သွားလေးများနှင့် ကိုက်ဆွဲလျက်တင်းပေးသည်။ အစည်းသည် စိတ်ကျေနပ်အောင် တင်းပါမှ မလေးနွယ်သည် လက်ကိုင်ပဝါစွန်း ယုန်နားရွက် နှစ်စကိုထုံးချည်လိုက်၏။

မလေးနွယ်သည် ပြုလုပ်ပေးနေသည်ကို သဘောပေါက်သောကြောင့် သက်ခိုင်က ငြိမ်လျက်ခံနေ၏။

"ကဲ. . အဲဒီလိုဆို သွေးမထွက်တော့ဘူးရှင့်၊ နားလည်ပြီလား"

သက်ခိုင်က ပြုံးပြီး သူ့လက်ကိုလှုပ်ကြည့်သည်။ မှန်သည်။ သွေးတစ်ပေါက် နှစ်ပေါက်ထွက်လာပြီးနောက် ထပ်၍ မယိုထွက်တော့။

ကလေးနှစ်ယောက် လုပ်ချင်ရာလုပ်နေသည်ကို ဘေးမှ စိတ်ဝင်စားစွာကြည့်နေသူ အိမ်ရှင်မိန်းမက ယခုမှ သတိရပြီး မေး၏။

" အမယ်လေး. မေ့နေလိုက်တာတော်၊ သက်ခိုင်ရေ. . အနာကို နနွင်းမှုန့်သိပ်မလား"

"ဒေါ်လေးမခင်ရွှေကလည်း ခွေးကိုက်တာ နနွင်းမှုန့်သိပ်လို့ဘယ်အဆင်ပြေပါ့မလဲဗျ၊ အသာနေစမ်းပါ၊ ကျွန်တော့ဘာသာကျွန်တော်လုပ်ပါ့မယ်"

သက်ခိုင်သည် အိမ်ရှေ့ဘက်သို့ ပြန်ထွက်လာခဲ့သောကြောင့် မလေးနွယ်ရော မခင်ရွှေပါ နောက်ကလိုက်ခဲ့ကြရ၏။

သက်ခိုင်က သူ့တောင်းတွင်းမှ ဆန်တစ်ဆုပ်ကို နှိုက်ယူလိုက်ပြီး ပါးစပ်တွင်း ထည့်၍ဝါး၏။ ဆန် ကြေညက်သောအခါလက်ဝါးပေါ်ထွေးထုတ်လိုက်ပြီး ဒဏ်ရာများပေါ်၌ အုံ၏။

မလေးနွယ်ကမေးသည်။

" အဲဒါဘာလုပ်တာလဲ"

"ဆေးလေ. . ဆေးအုံတာ၊ ခွေးကိုက်ရင် ဆန်ဝါးအုံလိုက်၊ အဆိပ် မတက်တော့ဘူး"

" မောင် တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့၊ အဲ. . နည်းနည်းတော့ ရောင်မှာပဲ၊ ညကျမှ အိမ်မှာ ကျားရိုးသွေးလိုက်မယ်၊ ပျောက်ကရော. . . မောင်ခွေးခဏခဏ အကိုက်ခံရဖူးသားပဲ၊ ဆေးရုံမသွားပေါင်"

သက်ခိုင်သည် မလေးနွယ်ထံမှ နောက်ထပ်မေးခွန်းတို့ကိုမစောင့်ဘဲ တောင်းကိုမကာ အိမ်ပေါ်တင်သည်။

" ဒေါ်လေးမခင်ရွှေ. . . ဒီတောင်းထားခဲ့မယ်နော်၊ ညနေတော်တော်ကြာရင် မေမေနဲ့ကျွန်တော် ပြန်လာခဲ့မယ်"

"အေးအေး. . ထားခဲ့ပါတော်၊ သက်သက်က ဒီညဟင်းချက်ဦးမလို့လား"

" ချက်မှာပေါ့ဗျ၊ မချက်ရင် မနက်ဖြန် ငတ်နေမှာ"

သက်ခိုင်သည် မလေးနွယ်ဘက်သို့ လှည့်ကာ- "လာ. . မလေးနွယ်၊ သွားကြရအောင်" ဟုခေါ်သည်။

တမာပင်ကြီးအောက် ရောက်သောအခါ မလေးနွယ်က မေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**ဝေါ အထက ကျောင်းသား/သူဟောင်းများ၏(၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားဖိတ်ကြားလွှာ**

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝေါ အထက ကျောင်းသား/သူဟောင်းများ၏ (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၆-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ၊
ကျင်းပမည်နေရာ - သီရိဇေယျာခန်းမ၊ ဝေါ အထက

မှတ်ချက်။ ။ရပ်ဝေးမှ ကျောင်းသား/သူဟောင်းများ ပါဝင်လှူဒါန်းလိုပါက ကမ္ဘာ့ရတနာဘဏ်(ဝေါဘဏ်ခွဲ) အကောင့်နံပါတ်(SF-1)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၅၂-၇၅၃၁၅၊ ၀၉-၅၀၃၆၇၁၉၊ ၀၉- ၄၂၅၂၇၂၉၇၂

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**ဝေါ အထကက**

**ACC Japanese Language Centre**

ဖွင့်လှစ်မည့်သင်တန်းများ
- N5 (25.8.15) 2:00-4:00Pm ( Tue,Fri )
- N5 (5.9.15) 6:00-8:00Pm ( Mon,Wed,Fri )
- N3 (18.8.15) 6:00-8:00Pm ( Tue,Fri )
- N5 Practice (3.10.15) 10:00-12:00Am ( Sat,Sun )
- N4 Practice (7.9.15) 4:00-6:00Pm ( Mon,Thu )
- N3 Practice (5.9.15) 4:00-6:00Pm ( Sat,Sun )
- Conversation (19.9.15) 12:00-2:00Pm ( Sat,Sun )
- ဂျပန်နိုင်ငံသို့သွားရောက်မည့် အလုပ်သင် အလုပ်သမား အထူးသင်တန်း (22-8-15)12;00-4;00(Sat,Sun)

ဂျပန်နိုင်ငံသို့ ကျောင်းတက်ရောက်မည့် သူများအတွက် ချိတ်ဆက်ထားသည့် ကျောင်းများ
- Unitas Japanese Language School (Tokyo)
- Human Academy Language School (Tokyo)
- Kokusai Kotoba Gakuin Language School (Shizuoka)
- Shizuoka International Japanese Language School (Shizuoka)
- J Kokusai Kakuinn Japanese Language School (Osaka)

အတန်းသစ်များအား သိရှိလိုပါက ဆက်သွယ်မေးမြန်းနိုင်ပါသည်၊ ဂျပန်နိုင်ငံသို့(၄)လပိုင်းကျောင်းတက်လိုသူများစတင်လက်ခံနေပါသည်၊

Tel: : 01-500434 , 09-252538766 အမှတ် (၂၉)၊ ၄လွှာ၊ Ice berry အပေါ်ထပ်၊ အင်းစိန်လမ်း၊ (လှည်းတန်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



# ပရီမီယာလိဂ်ရင်ခုန်သံ–၂

ရှိုင်းမင်းမင်း

**ပရီးမီးယားလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် (၂) ကို လာမယ့်ဩဂုတ်လ ၁၅၊ ၁၆၊ ၁၈ ရက်တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ပရီမီယာလိဂ်ပွဲစဉ် (၁) မှာတော့ နာမည်ကြီးအသင်းတွေဖြစ်တဲ့ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ဟာ ရလဒ်ကောင်းမွန်ခဲ့ခြင်းမရှိပါဘူး။ အာဆင်နယ်ဟာ အိမ်ကွင်းမှာ ကစားခဲ့ပေမယ့် ဝက်စ်ဟမ်းကို ရှုံးနိမ့်ခဲ့ရသလို ချယ်လ်ဆီးကလည်း ဆွမ်ဆီးနဲ့သရေသာကစားနိုင်ခဲ့ပါတယ်။ ဒီတစ်ပတ် မှာတော့ နိုင်ပွဲမရသေးတဲ့ ချယ်လ်ဆီးနဲ့ အဓိကပြိုင်ဘက် မန်စီးတီးတို့ ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိဖို့သေချာနေပါတယ်။**

**ဗီလာ – မန်ယူ　　　　နံနက် ၁း၁၅ (၁၅–၈–၁၅)**

အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံးဟာ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပေမယ့်လည်း ခြေစွမ်းပိုင်းတွေကတော့ အကောင်းဆုံးပုံစံမှာ မရှိခဲ့ကြပါဘူး။ ဒါပေမယ့်လည်းမန်ယူဟာ ဒီပွဲစဉ်မှာလည်းနိုင်ပွဲရရှိဖို့ အားစိုက်လာမှာဖြစ်သလို ဘုန်းမောက်ကိုအနိုင်ရခဲ့တဲ့ဗီလာခြေကလည်း ပိုမိုအားနည်းမှုရှိပါတယ်။ ဒါကြောင့် ဒီပွဲအပြီးမှာ မန်ယူတို့ ချန်ပီယံလိဂ်ရှိပေမယ့်ကပ်နိုင်မှာပါ။

**ဆောက်သမ်တန် – အဲဗာတန်　　　　ည ၆း၁၅ (၁၅–၈–၁၅)**

အဖွင့်ပွဲစဉ်တွေမှာ နှစ်သင်းစလုံး သရေရလဒ်တွေနဲ့ပဲ ကျေနပ်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲစတင်ရရှိရေးကို အားစိုက်ကြိုးပမ်းလာကြမှာပါ။ ဒီပွဲစဉ်မှာဆောက်သမ်တန်ဟာ အိမ်ကွင်းအားသာချက် ရှိနေပေမယ့် ဒီပွဲအပြီးမှာယူရိုပါလိဂ်ခြေစစ်ပွဲကစားရဖို့ရှိနေတာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။ အဲဗာတန်ကလည်း နိုင်ပွဲရရေး အားစိုက်လာမှာဖြစ်လို့ သရေပွဲဖြစ်သွားဖို့ရှိတယ်။

**ဝက်စ်ဟမ်း – လက်စတာ　　　　ည ၈း၃၀ (၁၅–၈–၁၅)**

ရေနာရီလက်ထက်မှာလက်စတာရဲ့ကစားပုံ ကောင်းမွန်လာခဲ့ပြီး ဆန်းဒါးလန်းကိုတောင် ဂိုးပြတ်နိုင်ခဲ့တာမှန်ပါတယ်။ ဒါပေမယ့်ယူရိုပါလိဂ်က ထွက်ခဲ့ရတဲ့ ဝက်စ်ဟမ်းဟာပရီမီယာလိဂ်ကို ပိုမိုအာရုံစိုက်နေပြီး အာဆင်နယ်ကို အဝေးကွင်းမှာအနိုင်ရခဲ့တယ်။ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် ဝက်စ်ဟမ်းဂရုတစိုက်ကစားလာရင် လက်စတာတောင့်ခံဖို့ ခက်မှာပါ။

**ဆွမ်ဆီး – နယူးကာဆယ်　　　　ည ၈း၃၀ (၁၅–၈–၁၅)**

အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံးသရေကျခဲ့ရပြီးချယ်လ်ဆီးကို သရေကစားနိုင်ခဲ့တဲ့ ဆွမ်ဆီးကစားအားက ပိုမိုကောင်းမွန်ခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ဒါကြောင့်ခံစစ်ပိုင်းအားနည်းတဲ့ နယူးကာဆယ်ကို ဆွမ်ဆီးတို့ ဒီပွဲမှာလည်း အိမ်ကွင်းမှာဖိအားပေးသွားနိုင်မှာပါ။ နယူးကာဆယ်က အဝေးကွင်းလည်း အားနည်းတာကြောင့် ဒီပွဲမှာဆွမ်ဆီးပဲ အနိုင်ရမယ်။

**ဆန်းဒါးလန်း – နော့ဝှစ်ချ်　　　　ည ၈း၃၀ (၁၅–၈–၁၅)**

အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံးဂိုးပြတ်အရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲစရရေးအားစိုက်လာဖို့ရှိနေပါတယ်။ လက်ရှိနှစ်သင်းစလုံးရဲ့ ခြေစွမ်းပိုင်းကသာမန်ထက်မပိုနိုင်ပေမယ့်လည်း ဆန်းဒါးလန်းက အိမ်ကွင်းအားသာချက်ရှိနေသလို နော့ဝှစ်ချ်ထက် ကစားသမားအင်အားပိုင်းမှာလည်း ပိုမိုပြည့်စုံမှုရှိပါတယ်။ ဒါကြောင့်ဒီပွဲစဉ်မှာ ဆန်းဒါးလန်းကသာ ပွဲကိုဖိအားပေးပြီး ကပ်အနိုင်ရသွားဖို့ရှိပါတယ်။

**စပါး – စတုတ်　　　　ည ၈း၃၀ (၁၅–၈–၁၅)**

လီဗာပူးကိုရှုံးနိမ့်ခဲ့ရပေမယ့်လည်းစတုတ်ရဲ့ ကစားအားကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် မန်ယူကို ရှုံးနိမ့်ခဲ့ရတဲ့ပွဲစဉ်မှာ ကစားသွားတဲ့စပါးရဲ့ ခြေစွမ်းပိုင်းကလည်း အားနည်းမှုပြင်းပြင်းထန်ထန်မရှိပါဘူး။ ဒါ့အပြင်ဒီပွဲက စပါးရဲ့အိမ်ကွင်းလည်းဖြစ်တယ်။ ဒါကြောင့် အရှုံးကို အိမ်ကွင်းမှာ ချေဖျက်ဖို့ ကြိုးစားလာမယ့် စပါးစ်ရဲ့ကစားအားကို စတုတ်တို့ထိန်းဖို့ခက်ပြီး စပါးစ်ပဲအနိုင်ရသွားမှာပါ။

**ဝတ်ဖို့ဒ် – ဝက်စ်ဘရွန်း　　　　ည ၈း၃၀ (၁၅–၈–၁၅)**

အဲဗာတန်ကို သရေကစားခဲ့တဲ့ ဝတ်ဖို့ဒ်ခြေစွမ်းပိုင်းကောင်းမွန်ပါတယ်။ ဒါပေမယ့်လည်း ခံစစ်ပိုင်းအားနည်းမှုတွေ ရှိတာကိုတော့ သတိပြုရမှာပါ။ ဝက်စ်ဘရွန်းကလည်း အသင်းလိုက်ကစားပုံ ကောင်းမွန်တဲ့အသင်းဖြစ်တာကြောင့် ဒီပွဲစဉ်မှာဝတ်ဖို့ဒ်တို့ အမှတ်ရရှိရေးအတွက် ခက်ခက်ခဲခဲရုန်းကန်ရဖို့ရှိပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွမ်းဟာခံစစ်ကစားပုံကောင်းမွန်တာကြောင့် ဝတ်ဖို့ဒ်တို့ အခက်အခဲနဲ့ ကြုံတွေ့ရနိုင်ပြီးညှော့သည်ဝက်စ်ဘရွန်းကသာ ကပ်နိုင်သွားမယ်။

**ပဲလေ့စ် – အာဆင်နယ်　　　　ည ၇း၀၀ (၁၆–၈–၁၅)**

နော့ဝှစ်ချ်ကို ဂိုးပြတ်နိုင်ခဲ့တဲ့ ပဲလေ့စ်ခြေကောင်းမွန်ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် ပဲလေ့စ်တို့ နိုင်ပွဲဆက်နိုင်ရေး ပိုမိုအားစိုက်လာဖို့ရှိတယ်။ ဒါပေမယ့် အာဆင်နယ်ဟာ အဖွင့်ပွဲစဉ်မှာ ဝက်စ်ဟမ်းကို အရေးနိမ့်ခဲ့ရတာကြောင့် အမှားအယွင်းထပ်မံမဖြစ်ဖို့ ပွဲကို ဂရုတစိုက်ကစားလာဖို့ရှိသလို ဆန်းချက်ဇ်၊ ဝေါလ်ကော့တို့လို ကစားသမားတွေကိုလည်းပွဲထွက်စာရင်းမှာ ပြန်လည်အသုံးပြုလာနိုင်တာကြောင့် ပဲလေ့စ်ကိုဖိအားပေးသွားနိုင်မှာပါ။ ဒီပွဲက အာဆင်နယ်အတွက် အဝေးကွင်းဖြစ်ပေမယ့် နိုင်ပွဲစရမယ့်ပွဲသာ ဖြစ်ပါတယ်။

**မန်စီးတီး – ချယ်လ်ဆီး　　　　ည ၉း၃၀ (၁၆–၈–၁၅)**

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ချန်ပီယံဆုအတွက် အဓိကအား ပြိုင်ရမယ့် နှစ်သင်းဖြစ်တာကြောင့် အကြိတ်အနယ်ပိုမိုရှိမှာပါ။ အထူးသဖြင့် ချယ်လ်ဆီးဟာ အဖွင့်ပွဲစဉ်မှာ ဆွမ်ဆီးနဲ့ သရေကျခဲ့တဲ့အတွက် ဒီပွဲစဉ်မှာ နိုင်ပွဲရရှိဖို့ကို မဖြစ်မနေအားစိုက်ကြိုးပမ်းလာဖို့ ရှိပါတယ်။ လက်ရှိအချိန်မှာချယ်လ်ဆီးရဲ့ကစားပုံဟာ တည်ငြိမ်မှုအားနည်းပေမယ့် မန်စီးတီးရဲ့ခံစစ်ပိုင်းဟာလည်း တည်ငြိမ်မှုသိပ်မရှိပါဘူး။ ဒါကြောင့်ဒီပွဲမှာချယ်လ်ဆီးတို့ အနိမ့်ဆုံးသရေရမယ်။

**လီဗာပူး – ဘုန်းမောက်　　　　နံနက် ၁း၃၀ (၁၈–၈–၁၅)**

စတုတ်ကိုနိုင်ခဲ့တဲ့ပွဲမှာ လီဗာပူးကစားပုံဟာ ထင်သလောက်မကောင်းခဲ့ပါဘူး။ တိုက်စစ်မှူးသစ် ဘန်တီကီဟာလည်း အသင်းနဲ့ အံဝင်ခြင်းမရှိသေးတာတွေ့ရပါတယ်။ ဒါပေမယ့် လီဗာပူးကွင်းလယ်မှာကော်တင်ညို ခြေစွမ်းပြသနေသလိုခံစစ်ကစားပုံလည်း ကောင်းမွန်နေတာကြောင့် တန်းတက်ဘုန်းမောက်ကိုတော့ ထိန်းချုပ်သွားနိုင်မှာပါ။ အထူးသဖြင့် ဒီပွဲစဉ်ဟာ အိမ်ကွင်းဖြစ်နေတာကြောင့် လီဗာပူးတို့ ဘုန်းမောက်ကို ပိုမိုဖိအားပေးသွားနိုင်ဖို့ရှိပါတယ်။ ဘုန်းမောက်တို့ အမှတ်ရဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် လီဗာပူးသာနိုင်ပွဲရသွားမယ်။

## မန်စီးတီးတိုက်စစ်မှူး ဒီဇီကို ကာလကြာရှည်အငှားစာချုပ်ဖြင့် ရိုးမားသို့ ပြောင်းရွှေ့

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဒီဇီကိုသည် အီတလီစီးရီးအေကလပ် ရိုးမားအသင်းသို့ ကာလကြာရှည်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

ဘော့စနီးယားကြယ်ပွင့် ဒီဇီကိုသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ဝုလ်စ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းအတွက် ပွဲပေါင်း ၁၈၉ ပွဲတွင် သွင်းဂိုး ၇၂ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင်မူ မန်စီးတီးအသင်းအတွက် သွင်းဂိုးခြောက်ဂိုးသာလျှင် သွင်းယူပေးနိုင်ခဲ့သည်။

မန်စီးတီးအသင်းနှင့် ရိုးမားအသင်းတို့က ထုတ်ပြန်ခဲ့သော အစီရင်ခံစားများအရ တိုက်စစ်မှူး ဒီဇီကိုသည် လာမည့်ဘောလုံးရာသီတွင် ရိုးမားအသင်းနှင့် အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုခွင့်ရရှိလိမ့်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

"ကျွန်တော်ဟာ အီတလီစီးရီးအေကလပ် ရိုးမားအသင်းကို ဆုဖလားတွေရယူပေးဖို့ အီတလီမြေကို ပြောင်းရွှေ့လာခဲ့တာပါ။ ရိုးမားအသင်းနဲ့အတူ ဆုဖလားတွေအများကြီးရရှိအောင် စွမ်းဆောင်ပေးဖို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက်ပထမရာသီမှာ အပြင်းအထန်ကြိုးစားရဦးမှာပါ။ ပွဲတိုင်းကိုလည်း အသင်းအတွက် အကောင်းဆုံးပေးဆပ်သွားမှာပါ"ဟု အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီဇီကိုက ရိုးမားအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် အီတလီစီးရီးအေကလပ် ရိုးမားအသင်းအနေဖြင့် တိုက်စစ်မှူး ဒီဇီကိုအား အငှားစာချုပ်ကို ပေါင် ၂ ဒသမ ၈၆ သန်းပေးမည်ဖြစ်ပြီး အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ပါက ပေါင် ၇ ဒသမ ၈၇၅ သန်းပေးမည်ဟု သဘောတူထားကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဒီဇီကိုသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းနှင့် အတူ စာချုပ် သက်တမ်းလေးနှစ်ထပ်တိုးချုပ်ဆိုခဲ့သော်လည်း ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ရခြင်းကြောင့် မန်စီးတီးအသင်းမှ ထွက်ခွာကာ အခြားအသင်းသို့ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ပြီး လက်ရှိတွင် ရိုးမားအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဒီဇီကိုသည် မန်စီးတီးအသင်းတွင် ပါဝင်ကစားစဉ် ပရီမီယာလိဂ်ဖလားနှစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ လိဂ်ဖလားတစ်ကြိမ်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မန်စီးတီးအသင်းနှင့်အတူ ပွဲပေါင်း ၁၃၀ တွင် ပရီမီယာလိဂ် သွင်းဂိုး ၅၀ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ မန်စီးတီးအသင်းသည် တိုက်စစ်မှူးဒီဇီကိုအား ရိုးမားအသင်းသို့ ပြောင်းရွှေ့ကစားခွင့်ပြုခဲ့သည့်အပြင် စတီဗင်ဂျိုဗီတစ်ကိုပါ အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။ **(ငွေကြယ်)**












## ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအား ၂၃-၈-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ရွှေတိဂုံစေတီတော် ရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ရှိ မင်္ဂလာဈေးမွှေရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကန့်ဘလူမြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂၀၁၅ တက္ကသိုလ်ဝင် ဂုဏ်ထူးရ အသင်းဝင်တို့၏ သားသမီးများ၊ အသက်(၇၅)နှစ်ထက် အဘိုးအဘွားများ၊ ဆက်သွယ်လှူဒါန်းလိုသူများသည် အောက်ဖော်ပြပါ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ဦးအောင်သိန်း(ဥက္ကဋ္ဌ) | ဒေါ်သန်းသန်းဝင်း(ဘဏ္ဍာရေးမှူး) |
| ဖုန်း-၀၉-၄၃၂၀၂၂၁၁ | ဖုန်း-၀၉-၅၀၅၁၉၉၁ |
| ဦးစိုးသူရ | ဒေါ်ခင်သန်းညွန့်(စာရင်းစစ်) |
| အတွင်းရေးမှူး | ဖုန်း-၀၉-၄၂၁၀၈၇၃၂၇ |
| ဖုန်း-၀၉-၅၀၁၀၅၀၆ | |

**အလုပ်အမှုဆောင်အဖွဲ့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## အဆောက်အအုံအထူးအဖွဲ့(၅)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့(၁)နှင့် အဆောက်အအုံအထူးအဖွဲ့(၅)မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး(မကွေး၊ ရေစကြို၊ ထီးလင်းမြို့နယ်-ဆေးမင်တော၊ ပေါက်မြို့နယ်- ကိုင်းလယ်၊ ပခုက္ကူမြို့နယ်-မြစ်ခြေ)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)(ပင်လောင်း၊ ဆီဆိုင်၊ ဆီဆိုင်မြို့နယ်-ဆိုက်ခေါင်၊ ပင်းတယ၊ အောင်ပန်း၊ ရပ်စောက်)၊ ကယားပြည်နယ်(လွိုင်ကော်၊ ဒီမောဆိုးမြို့နယ်-လိုဘာခို)မြို့နယ်တို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၆-၈-၂၀၁၅ ရက်၊ ညနေ ၄း၃၀ နာရီ
၂။ တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန် - ၂၇-၈-၂၀၁၅ ရက်၊ နံနက် ၉း၃၀ နာရီ
၃။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ရုံးအမှတ်(၄၀)၊ အဆောက်အအုံဌာနခွဲ၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။
၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို-
(၁) အဆောက်အအုံအထူးအဖွဲ့(၅)၊ ရန်ကုန်၊ ဖုန်း-၀၁-၅၆၄၄၀၇ အမှတ်(၁၄)၊ သံသုမာလမ်းနှင့် သေနတ်ပစ်ကွင်းလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်။
(၂) ရုံးအမှတ်(၄၀)၊ အဆောက်အအုံဌာန၊ တည်ဆောက်ရေး(၂)ရုံး၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၇၅၃၀ တွင် ၁၇-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရိုးသားကြိုးစားသော ဝန်ထမ်းအလိုရှိသည်

**ရွှေခိုင် - အကင်ဆိုင် (မြောက်ဒဂုံ)**

| | | | |
|---|---|---|---|
| အမှတ်စဉ် (၁) | - Head Waiter | ကျား | (၁) ဦး |
| အမှတ်စဉ် (၂) | - Waiter | ကျား | (၁၅) ဦး |
| အမှတ်စဉ် (၃) | - ကားပါကင် | ကျား | (၄) ဦး |
| အမှတ်စဉ် (၄) | - Barman/Storekeeper | ကျား | (၁) ဦး |
| အမှတ်စဉ် (၅) | - Cashier | မ | (၅) ဦး |

လျှောက်ထားသူများသည် စားသောက်ဆိုင်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရမည်။ ပညာရေးအထက်တန်းအဆင့်ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်သူနှင့် အိမ်ထောင်မရှိသူဖြစ်ရမည်။ နယ်မှလာသူ ဦးစားပေးမည်။ စိတ်ဝင်စားသူများသည် CV Form၊ မှတ်ပုံတင်မိတ္တူနှင့်အတူ (၂၈-၈-၂၀၁၅) ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ - ရွှေခိုင် အကင်ဆိုင်
အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၅၀၀၃၅၉၆၄၊ ၀၉၂၅၉၅၀၁၇၆၀၊ ၀၉၂၅၉၅၀၁၇၆၁











SONY
EXCLUSIVE PREMIUM GIFTS
LATEST PRODUCTS
MIDYEAR PROMOTION
30 July ~ 30 August | 2015
65X8500C / 75X8500C
FREE GIFTS HT-ST3 5.1 CHANNEL SOUND BAR
43W800C
FREE GIFTS MDR ZX600AP HEAD PHONE
3D DISC
40W700C
FREE GIFTS BDP-S1500 Blu-ray Player
40R550C / 40R552C
FREE GIFTS DVP-SR760 HDMI Player with Cable
SHAKE 100D
FREE GIFTS MDR-10RC Head Phone
XPERIA™ C4
DISPLAY 5.5" Full-HD IPS display
CAMERA 13MP Rear, 5MP Front wide angle with flash
PROCESSOR 1.7GHz Octa-core
MEMORY 2GB RAM, 16GB internal, 32GB microSD expandable
AVAILABLE COLOURS
FREE GIFTS Silicon Back Cover + Screen Guard
XPERIA™ M4 Aqua
DISPLAY 5" IPS High Definition Display
CAMERA 13MP Rear, 5MP Front with super wide angle
PROCESSOR 1.5GHz Octa-core Qualcomm (4x 1.5GHz + 4x 1.0GHz)
MEMORY 2GB RAM, 8GB internal, 32GB microSD expandable
AVAILABLE COLOURS
FREE GIFTS Silicon Back Cover + Screen Guard
XPERIA™ E4
DISPLAY 5" IPS qHD Display
CAMERA 5MP Rear, 2MP Front
PROCESSOR 1.3 GHz Quad-core
MEMORY 8GB internal 32GB microSD expandable
AVAILABLE COLOURS
FREE GIFTS Silicon Back Cover + Screen Guard
ILCE-7K
• 24.3-megapixel 35mm full-frame Exmor™ CMOS sensor
• BIONZ X™ image processing engine
• Meticulously crafted controls within a compact body
• Enhanced Fast Hybrid AF
• High-contrast, high-resolution XGA OLED Tru-Finder™
• Full HD movie recording with advanced audio functions
FREE GIFTS 16 GB UHS SD Card LCS-SL10 Bag
DSC-HX90
• 18.2MP Exmor R™ CMOS Sensor
• 30x Optical Zoom, 60x Clear Image Zoom
• Built-in Wi-Fi® / NFC
• Electronic Viewfinder & Multi-Interface Shoe
• 180° tiltable 3.0" LCD screen
FREE GIFTS 8 GB SD Card SZ02 Tripod
DSC-H300V
• 20.1MP • Super HAD CCD Sensor
• 35x Optical Zoom • HD Movie (720P)
• Sony Lens
FREE GIFTS 16 GB UHS SD Card LCS-U21 Bag SZ02 Tripod
HDR-CX405
Full HD 1080
• 9.2MP Full HD
• 27x Optical Zoom, 54x Clear Image Zoom
• SteadyShot™ (Active Mode)
• Zeiss® Vario-Tessar 26.8mm wide angle lens
FREE GIFTS 8 GB SD Card RAIN COAT
Official Warranty by: TMW Enterprise Limited
အပြိုင်ကြိုး အနယ်နယ်ရှိ Wai Yan Electronics နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
SONY SHOWROOM YANGON: ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
SONY SHOWROOM MANDALAY: ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
SONY SHOWROOM NAY PYI TAW: ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 WHOLE SALES / DISTRIBUTION : Tel: 01- 554708
Buy Smart, Be Assured!
Insist on Official Warranty, It makes a difference!

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ အိုဇုန်းလွှာပျက်စီးစေသော ဟိုက်ဒရို ကလိုရို ဖလူရို ကာဗွန်သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေး စီမံခန့်ခွဲမှုလုပ်ငန်းစီမံကိန်း (HPMP)နှင့် ဖွဲ့စည်းမှုအင်အားဖြည့်ဆည်းရေးစီမံကိန်း [Institutional Strengthening (IS)Project]များအား ထိရောက်စွာ အချိန်ပြည့်ဆောင်ရွက်နိုင်ရေးအတွက် Technical Officer (၁)ဦးနှင့် Administration and Finance Officer(၁)ဦးအား ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(United Nation Environment Programme-UNEP)မှငွေကြေးအကူအညီဖြင့် ပြင်ပမှ ခေါ်ယူခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံကိန်းကာလမှာ (၂)နှစ်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် Technical Officer (၁)ဦးနှင့် Administration and Finance Officer(၁)ဦး လစ်လပ်လျက်ရှိပါသည်။ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) သတ်မှတ်အရည်အချင်း(Technical Officer)
- (၁) သိပ္ပံ၊ အင်ဂျင်နီယာ၊ ပတ်ဝန်းကျင်နှင့် အခြားဆက်စပ်ပညာရပ်ဆိုင်ရာ ဒီပလိုမာ သို့မဟုတ် တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာကျွမ်းကျင်ရမည်။
- (၄) ကွန်ပျူတာကျွမ်းကျင်ရမည်။ (Microsoft Office)
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရပါမည်။
- (၈) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၉) လိုအပ်ပါက ပြည်တွင်းခရီး သွားလာနိုင်သူ ဖြစ်ရမည်။

(ခ) သတ်မှတ်အရည်အချင်း(Administration and Finance Officer)
- (၁) စာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဒီပလိုမာ (သို့) တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၂)နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်ပါသည်။
- (၃) အင်္ဂလိပ်ဘာသာနှင့်မြန်မာဘာသာကျွမ်းကျင်ရမည်။
- (၄) ကွန်ပျူတာကျွမ်းကျင်ရမည်။ (Microsoft Office)
- (၅) ဆက်ဆံရေးကောင်းမွန်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရမည်။
- (၈) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (၉) လိုအပ်ပါက ပြည်တွင်းခရီး သွားလာနိုင်သူ ဖြစ်ရမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်နေရာ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်

(ဃ) တာဝန်ထမ်းဆောင်ရမည့်ကာလ-(၂)နှစ်

(င) ပြည်တောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(စ) Technical Officer နှင့် Administration and Finance Officerတို့၏ တာဝန်ဝတ္တရားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အိုဇုန်းအရာရှိ (ဖုန်း-၀၆၇-၄၃၁၃၁၈) ထံတွင် တောင်းယူနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- ဦးသန်းအေး၊ ညွှန်ကြားရေးမှူး၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၃၁၈/၀၆၇-၄၃၁၃၂၅၊ ဖက်စ်-၀၆၇-၄၃၁၃၂၄

**အမည်ဖြည့်စွက်ခေါ်ပါရန်**

ဒိုက်ဦးမြို့၊ သံတံတားရပ်ကွက်နေ (ဘ) ဦးချစ်စိန်၏သမီး[၇/ဒဥန(နိုင်)၀၅၈၀၃၀]ကိုင်ဆောင်သူ ဒေါ်မြင့်မြင့်စိန်အား ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်မြင့်မြင့်သိန်းဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။ **ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်မြင့်မြင့်သိန်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## အဆောက်အအုံအထူးအဖွဲ့(၆)
## (တင်ဒါအမှတ်-၃)
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့(၆)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး (မန္တလေး၊ တံတားဦး၊ ငါန်းဇွန်)၊ စစ်ကိုင်းတိုင်းဒေသကြီး(ရွှေဘို၊ ဆင်အင်း၊ ကျွန်းလှ)၊ ရှမ်းပြည်နယ် (တောင်ကြီး၊ ညောင်ရွှေ၊ ရာမ၊ တာချီလိတ်)မြို့နယ်တို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၈-၂၀၁၅ရက် ညနေ၄း၃၀နာရီ

၂။ တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန် - ၂၆-၈-၂၀၁၅ရက် နံနက် ၁၁း၀၀နာရီ

၃။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - အဆောက်အအုံအထူးအဖွဲ့ (၆)၊ မန္တလေးမြို့

၄။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အဆောက်အအုံအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၁၄-၈-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၂-၇၆၃၆၄၊ ၀၂-၇၆၀၀၁သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## မိုးကုတ်ရတနာနယ်မြေ တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုး လျှောက်လွှာများတင်သွင်းရန်
## ကြေညာချက်(၉/၂၀၁၅)
## ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၆ရက်
## (၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၆ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်လုပ်ကွက်(အသစ်)များကို ကြေညာချက် (၆/၂၀၁၁)ဖြင့် ကြေညာခေါ်ယူပြီး လုပ်ကိုင်ခွင့် ချထားပေးခဲ့ပါသည်။

၂။ လုပ်ကိုင်ခွင့်ချထားပေးခဲ့သော တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များအနက်မှ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့်၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ၊ ဧပြီလများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်လုပ်ကွက်များအတွက် သက်တမ်းတိုးလျှောက်ထားခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၅)နှင့်အညီ ခွင့်ပြုမိန့်ကတ် ပြန်လည်ထုတ်ပေးခြင်းတို့ကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့်၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ၊ ဧပြီလများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်များကို သက်တမ်းတိုးလျှောက်ထားနိုင်ရန်အတွက် သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်သည် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့မှစ၍ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးလျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

(ခ) **တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများ တင်သွင်းခြင်း။** သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသူများသည် ဖော်ထုတ်လုပ်ကွက်လျှောက်လွှာပုံစံ(မကလ-၅)တွင် ဖြည့်စွက်ရမည့်အချက်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ခုနှစ်၊ ဩဂုတ်လ၁၇ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ရုံးဖွင့်ရက်များတွင် ၈း၀၀နာရီမှ ၁၇း၀၀နာရီအထိ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင် တင်သွင်းရန် ဖြစ်ပါသည်။

၄။ တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်များ သက်တမ်းတိုးရန်အတွက် ကြေညာခေါ်ယူမည့် လုပ်ကွက်များစာရင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင် လည်းကောင်း၊ မန္တလေးမြို့၊ မိုးကုတ်မြို့နှင့်မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်ရတနာတူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့်ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် နယ်အသင်းခွဲများတွင်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ website ဖြစ်သည့် www.mining.gov.mm တွင်လည်းကောင်း ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## အဆောက်အအုံအထူးအဖွဲ့(၄)
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့(၄)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဌာန အုပ်ချုပ်မှုဆောင်(၃)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော သတ်မှတ်စံချိန်စံညွှန်းပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါအမှတ် - အမှတ်စဉ်(၁)၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂၄-၈-၂၀၁၅ရက်၊ ၁၂နာရီ

၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၅-၈-၂၀၁၅ရက်၊ ၉နာရီ

၄။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - ရုံးအမှတ်(၄၀)၊ အဆောက်အအုံဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) ညွှန်ကြားရေးမှူးရုံး

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ၁၄-၈-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၈၆၂၆၉၇၁၊ ၀၉-၂၅၀၈၂၆၀၆၅၊ ၀၉-၅၄၀၀၂၇၀ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**MMA** Software - ၁ သိန်း Hardware -၁ သိန်း
**မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းကျောင်း** အပတ်စဉ်တန်းခွဲသစ်ရှိသည်
* ဖုန်းတစ်လုံးတွင်ပါဝင်သည့် Circuit ပေါ်ရှိအခြေခံ Component များ၊ filter များ၊ Conventerများနှင့် IC များကို ကျွမ်းကျင်စွာကိုင်တွယ်ပြုပြင်တတ်စေရန် သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် သင်ကြားပေးမည်
* Android & iOS firmware restore,upgrade & downgrade,Jail Break & Root, Network Unlock, IMEI ရေးသားခြင်း, softbrick & hardbrickဖြေရှင်းနည်းများကိုအခြေခံမှစတင်၍ ကျွမ်းကျင်သည့် ပညာရှင်များကိုယ်တိုင် စာတွေ့လက်တွေ့ဖြင့် ထိရောက်စွာသင်ကြားပေးသည်။
* ဆိုင်ဖွင့်လိုသူများ နှင့် အလုပ်ဝင်မည့်သူများအား အစစအရာရာကူညီပံ့ပိုးပေးမည်။
အမှတ်(၈၁)၊လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ်
(စံပြရုပ်ရှင်ရုံနှင့်မော်တင်တာဝါကြား)
09-263727300, 09-31942513
Promotion 15.7.15 to 15.9.15 10% off
နယ်သင်တန်းသားများ အတွက် အဆောင် အခမဲ့စီစဉ်ပေးသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာ
## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၄၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၃-၂၀၁၄ပညာသင်နှစ် နှင့် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ Ph.D, M.Ed, M.Phil, M.A(TEFL), B.Ed (စာပေးစာယူ)၊ B.Ed(စတုတ္ထနှစ်) အမှတ်စဉ်(၁၅)၊ B.Ed (စတုတ္ထနှစ်) ၂၀၁၀အောင်၊ PGDMA အမှတ်စဉ်(၁၅)နှင့် Dip(ELTM)၊ သင်တန်းအောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက် - ၁၉-၁၂-၂၀၁၅ (စနေနေ့)နှင့်
၂၀-၁၂-၂၀၁၅ (တနင်္ဂနွေနေ့)

ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

ကျင်းပမည့်အချိန် - ၁၉-၁၂-၂၀၁၅(စနေနေ့)၊ နံနက်ပိုင်း(၉)နာရီ
Ph.D,M.Ed,M.Phil,M.A(TEFL), B.Ed
- ၁၉-၁၂-၂၀၁၅(စနေနေ့) ၊ မွန်းလွဲပိုင်း(၁၄း၀၀)နာရီ
Dip (ELTM), PGDMA(15), B.Ed(စာပေးစာယူ)၊
မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဘောဂဗေဒ(အထူးပြုများ)
- ၂၀-၁၂-၂၀၁၅(တနင်္ဂနွေနေ့) နံနက်ပိုင်း(၉နာရီ)
B.Ed (စာပေးစာယူ)
သမိုင်း၊ ပထဝီဝင်၊ ဓာတုဗေဒ(အထူးပြုများ)
- ၂၀-၁၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲပိုင်း(၁၄း၀၀)နာရီ
B.Ed (စာပေးစာယူ)
သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ(အထူးပြုများ)

အစမ်းလေ့ကျင့်မည့်ရက် - ၁၈-၁၂-၂၀၁၅(သောကြာနေ့)

အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၉နာရီ
Ph.D, M.Ed, M.Phil, M.A(TEFL),B.Ed,
Dip(ELTM)
PGDMA(15)
- မွန်းလွဲ(၁၃း၀၀)နာရီ
B.Ed(စာပေးစာယူ)ဘွဲ့များ

ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

လျှောက်လွှာစတင်လက်ခံမည့်ရက် - ၁-၉-၂၀၁၅(အင်္ဂါနေ့)

လျှောက်လွှာပိတ်ရက် - ၆-၁၁-၂၀၁၅(သောကြာနေ့)

မှတ်ချက်။ ။ (၁) လျှောက်လွှာပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် (၁)လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (၂×၁½) လက်မဓာတ်ပုံ(၂)ပုံ ပူးတွဲလျှောက်ထားရမည်။ နောက်ခံအပြာနုဖြစ်ရမည်။ သတ်မှတ်ချက်နှင့် ညီညွတ်သော ဓာတ်ပုံ(၂)ပုံ၏ နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ် ပီသစွာရေး၍ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူနှင့်အတူ သတ်မှတ်သော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(၂) ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

